# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၃၁ ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

( ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၃၅။**

နေပြည်တော်ရှိအမျိုးသားလွှတ်တော်အစည်းအဝေးခန်းမတွင်ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၃၅ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။ ]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၃၅။**

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၃၁ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော်၃၁ ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မျာ့ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း(၂၁၈)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို(၂၀၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးရေစုစုပေါင်း၏(၉၄.၀၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေသုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက်အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။(သြဘာသံများ)

# အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မျာ့ခင်ဗျား။အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၃၁ ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်

ကိုယ်စားလှယ်ဟာမိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင်ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးထွန်းလွင် တင်ပြပါ။

**အချိန်၊ ၁၀း၃၇။**

**ဦးထွန်းလွင်ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြအုန်း သည် ဦးလေးဖြစ်သူ၏နာရေးကိစ္စ ပေါ်ပေါက်လာပါသောကြောင့် ရန်ကုန်မြို့သို့ အရေးပေါ် ထွက်ခွာသွားရပါသဖြင့် အမျိုးသားလွှတ်တော် အစည်းအဝေးတက်ရောက်ခြင်းမှ ၅-၁၀-၂၀၁၁ မှ ၇-၁၀-၂၀၁၁ ရက်နေ့အထိ ခွင့် (၃)ရက် ခွင့် ပြုပေးပါရန် ကျွန်တော်ဦးထွန်းလွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၉) ကချင်ပြည်နယ်မှ လေးစားစွာဖြင့် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**၊ ။ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြအုန်းရဲ့ ၅-၁၀-၂၀၁၁ မှ ၇-၁၀-၂၀၁၁ အထိ ခွင့်(၃)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့် ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးဝင်းမောင် တင်ပြပါ။

**အချိန်၊ ၁၀း၃၈။**

**ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုးထွန်း သည် ခါးနာနေပါသဖြင့် ယနေ့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်သည်ကို ခွင့်ပြုပေးပါရန် ဒေါက်တာစိုးထွန်း ကိုယ်စား မန္တလေးတိုင်းဒေသကြီး မဲ ဆန္ဒနယ်မြေအမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းမောင် က လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုးထွန်းရဲ့ ၅-၁၀-၂၀၁၁ ရက်နေ့ ခွင့် (၁)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ဒေါ်နော်မေးရီယန် တင်ပြပါ။

**အချိန်၊ ၁၀း၃၉။**

**ဒေါ်နော်မေးရီယန်ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီမြင့် သည် နေမကောင်းပါသဖြင့် ၅-၁၀-၂၀၁၁ ရက်နေ့ (၁)ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) ကျွန်မ ဒေါ်မေး ရီယန် မှ ဒေါ်ရီရီမြင့် ကိုယ်စား တောင်းခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီမြင့် ရဲ့ ၅-၁၀-၂၀၁၁ ရက်နေ့ ခွင့် (၁)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒေါက်တာမြတ်ဉာဏစိုး တင်ပြပါ။

**အချိန်၊ ၁၀း၄၀။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)**။ ။လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဟာ အအေးမိပြီး နေမကောင်းဖြစ်နေပါသဖြင့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ ယနေ့(၁)ရက်အား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄) မှ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး က ဒေါ်ခင်ဝိုင်းကြည်ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ရဲ့ ၅-၁၀-၂၀၁၁ ရက်နေ့ ခွင့်(၁)ရက် ပန်ကြားချက်ကိုခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသိန်း တင်ပြပါ။

**အချိန်၊ ၁၀း၄၁။**

**ဦးဝင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်လင်း၏ တုတ်ကွေးရောဂါမှာ ကောင်းစွာသက်သာမှု မရှိသေးပါသဖြင့် ၅-၁၀-၂၀၁၁ ရက် (၁)ရက်အား ခွင့်ထပ်မံ ခွင့်ပြုပေးပါရန် ဦးသက်လင်း ၏

ကိုယ်စား ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ကျွန်တော် ဦးဝင်းသိန်း က ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်လင်း ၏ ၅-၁၀-၂၀၁၁ ရက်နေ့ ခွင့် (၁)ရက် ပန်ကြားချက် ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက်ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိ ယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၁၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအ ဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၄၃**။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသောမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဥ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက မေးမြန်းတဲ့မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားရမယ့် မေးခွန်း များဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

### ကယားပြည်နယ်၊ ရှားတောမြို့နယ်(၁၆)ခုတင်ဆံ့ သရိဒါးတိုက်နယ်ဆေးရုံ အဆောက်အဦ ပြန်လည်တည်ဆောက်ပေးရန် အစီအစဥ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဌေးရယ် က ကယားပြည်နယ်၊ ရှားတောမြို့နယ် (၁၆)ခုတင်ဆံ့ သရိဒါးတိုက်နယ်ဆေးရုံအဆောက်အဦ ပြန်လည်တည်ဆောက်ပေးရန် အစီအစဥ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၃**။

**ဦးဌေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး နိုင်ငံတော်အကျိုး သယ်ပိုးနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၇) ရှားတောမြို့နယ်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးရယ် ဖြစ်ပါတယ်။ ဒီမေးခွန်းမေးရခြင်းဟာ တိုက်နယ် (၁)ခုအတွက်သာ ဖြစ်ပေမယ့်လည်းပဲ ပြည်ထောင်စု သမ္မတ

မြန်မာနိုင်ငံတော်ရဲ့ နိုင်ငံတော်အစိုးရသစ်ရဲ့ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုတွေဟာ တောင်ပေါ်၊ မြေပြန့်၊ ကျေးလက်၊ မြို့ပြဆိုပြီးတော့ခွဲခြားမှုမရှိဘဲ တစ်ပြေးညီဆောင်ရွက်ပေးနေတယ်ဆိုတာကို ကျေးလက်နေပြည်သူများ ထင်သာမြင်သာရှိလောက်အောင် မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကယားပြည်နယ် ၊ ရှားတောမြို့နယ် မြောက်ပိုင်းကျေးရွာ အုပ်စုမှာရှိတဲ့ သရိဒါးတိုက်နယ် ဆေးရုံဟာ ၁၉၇၈ ခုနှစ်မှာ တည်ဆောက်ခဲ့ပြီး ကျေးရွာပေါင်း (၁၄)ရွာမှာရှိတဲ့ ကျေးလက်နေ ပြည်သူများအားထားရတဲ့ ဆေးရုံတစ်ရုံဖြစ်ပါတယ်။ သို့သော် ၁၉၉၅ ခုနှစ်မှာ နယ်မြေလုံခြုံရေးအရ ကျေးရွာတွေကို ကျွန်တော်တို့ လွိုင်ကော်နဲ့ ရှားတောမြို့ကို ပြောင်းရွှေ့ စုစည်းထားခဲ့ရပါတယ်။ ဒီလို စုစည်းထားစဥ် ကာလအတွင်းမှာ လူသူကင်းမဲ့ဇုန်(No Man Land) ဖြစ်နေခဲ့ပြီးတော့ ပြုပြင် ထိန်းသိမ်းနိုင်ခြင်းမရှိတော့ဘဲ ရာသီဥတုဒဏ်ကြောင့်သော် လည်းကောင်း၊ ကာလကြာမြင့်၍သော်လည်းကောင်း အဆောက်အဦဟာ ပျက်စီးခဲ့ရပါတယ်။ ၂၀၀၁ ခုနှစ်မှာ နယ်မြေဒေသအေးချမ်း သာယာမှုရရှိလာပြီး ကျေးရွာများဟာလည်း အသီးသီး ပြန်လည်နေထိုင်ခဲ့သည့်မှာ (၁၀)နှစ်တာ ကာလအတွင်းသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။ သရိဒါးတိုက်နယ်ဟာ သွားလာရေးခက် ခဲပြီးတော့ လွိုင်ကော် ကနေ မိုင် (၄၀)၊ ရှားတောကနေ (၃၅)မိုင်ကွာဝေးပါတယ်။ နွေရာသီမှာ ကားများသွားလာ နိုင်သော်လည်းပဲ မိုးရာသီမှာ ကားများ သွားလာနိုင်ခြင်း မရှိတဲ့အတွက်ကြောင့် ကျန်းမာရေး အခက်အခဲများစွာနဲ့ တွေ့ကြုံနေ ခဲ့ရ ပါတယ်။ သရိ ဒါးတိုက်နယ်ဆေးရုံအတွက် ဆေးနဲ့ ဝန်ထမ်းများ ပုံမှန်ရရှိနေပြီးတော့ ကျေးရွာက တည်ဆောက်ပေးထားတဲ့ ကိုယ်ထူကိုယ်ထစနစ်နဲ့ တည်ဆောက်ထားတဲ့ ဝါးထရံကာ (ယာယီ) ဆေးပေးခန်းမှာပဲ ဆေးကုသနေရပါတယ်။ သို့အတွက်ကြောင့် ကျေးလက်နေ ပြည်သူများနဲ့ ကျန်းမာရေးဝန်ထမ်းများ အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက နေ စောင့်ရှောက်ဖြည့်ဆည်းနိုင်ဖို့အလို့ငှာ ရည်ရွယ်ပြီးတော့ ဒီအဆောက် အဦကြီး ပြန်လည် ဆောက်လုပ်ပေးရန် အစီအစဥ် ရှိ /မရှိကို ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာဖြင့် တင်ပြ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် ဖိုင်ဇောလ်ကျေးရွာ၊ ဒုမန်းကျေးရွာ၊ ဆွောင်းဒိုကျေးရွာနှင့် ကူလ်းဝမ် ကျေးရွာတို့တွင် သားဖွားဆေးပေးခန်း တစ်ခုစီဖွင့်လှစ်ပေးရန်နှင့် သားဖွားဆရာမ တစ်ဦးစီခန့်ထား ပေးရန် အစီအစဉ် ရှိမရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီးတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်းက ဖလမ်းမြို့နယ် ဖိုင်ဇောလ်ကျေးရွာ၊ ဒုမန်းကျေးရွာ၊ ဆွောင်းဒိုကျေးရွာနှင့် ကူလ်းဝမ်ကျေးရွာတို့တွင် သားဖွားဆေးပေးခန်း(၁)ခုစီ ဖွင့်လှစ်ပေးရန်နှင့် သားဖွားဆရာမ တစ်ဦးစီခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးအမျိုးသားလွှတ်တော်ကိုယ်စားလှယ် အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ ဒီအစီအစဉ်ထဲမှာ စာရွက်ထဲမှာ ပါရှိတဲ့အတိုင်း ဖလမ်းမြို့နယ် သွားလာရေးခက်ခဲတဲ့ဒေသအတွင်းမှာ ကျွန်တော်တို့ ကျေးရွာသားဖွားဆေးပေးခန်း ဖွင့်လှစ်ပြီးမှ အဲဒီဆေးပေးခန်းမှာ သားဖွားဆရာမ တစ်ယောက်စီ ခန့်ထားဖို့ တင်ပြခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျေးရွာများရဲ့ အခြေအနေကို နည်းနည်း တင်ပြပါမယ်။ ကျွန်တော်တို့ ဖိုင်ဇော လ်ကျေးရွာ ရွာစုရပ်အနေနဲ့ ရွာပေါင်း(၄)ရွာ ရှိပါတယ်။ အဲဒီမှာ အိမ်ခြေ(၄၀၀)ရှိပြီး တစ်ရွာနဲ့တစ်ရွာ ဆက်သွယ်တဲ့နေရာမှာ ကျွန်တော်တို့ ခေါင်းဖွာလ် ကျေးရွာကနေပြီးမှ (၄)မိုင်ဝေးပြီး ပါရ်ခေါင်မ်ကျေးရွာကနေ (၃)မိုင်ဝေးပါတယ်။ ဘွလ်ခေါကျေးရွာ ကနေ (၂)မိုင်ဝေးပြီး ကျွန်တော်တို့ ကားလမ်းမကြီးနဲ့ (၄)မိုင်ခန့်ဝေးပါတယ်။ ကျွန်တော်တို့ ကားလမ်းမကြီးဖော်ပြရခြင်းမှာ အရေး အကြောင်းပေါ်တဲ့အခါမှာ ကျွန်တော်တို့ တိုက်နယ်ဆေးရုံ ရှိတဲ့ လုံပေါင်းကျေးရွာကို အလွယ် တကူသွားရောက်နိုင်ဖို့ အထောက်အကူပြုပါတယ်။ ဒုတိယ အနေနဲ့ ကျွန်တော်တို့ ဆွောင်းဒိုကျေးရွာမှာစုစုပေါင်းရွာ(၄)ရွာ ရှိပြီး အဲဒီမှာ မွန်ပီးကျေးရွာအနေနဲ့ (၂)မိုင်ဝေးပြီးနောက် ဘဲလွဲကျေးရွာအနေနဲ့ (၂)မိုင်ကျော်ကျော်ဝေးပါတယ်။ငမွာလ်ကျေးရွာအနေနဲ့ (၁)မိုင်ဝေးပြီး အိမ်ခြေအားဖြင့် (၂၅၀)လောက်ရှိပါတယ်။ ကားလမ်းကနေပြီးမှ ကျွန်တော်တို့

ဒီဆွောင်းဒိုအထိကို (၁၀)မိုင်ဝေးပြီး အဲဒီမှာမော်တော်ဆိုင်ကယ်လည်း မပေါက်ပါဘူး။ ကျွန်တော်တို့ တောင်ပေါ်လမ်းကျဉ်းကို အဆင်းအတက်နဲ့ (၁၀)မိုင်လောက်ကို သွားရပါတယ်။ ဝမ်းလုံအထိကို သွားပြီးမှ ကျွန်တော်တို့ လုံဘွမ်းတိုက်နယ်ဆေးရုံကို မိုင် (၂၀)လောက်ဝေးပါတယ်။ ဒုမန်းကျေးရွာ အနေနဲ့ ကျွန်တော်တို့ ညှောင်လင်းစခမ်းရွာဟာ (၃)ရွာရှိပါတယ်။ အိမ်ခြေက တော့(၁၀၀)ခန့် ရှိပါတယ်။ အဲဒီမှာ ကားလမ်းနဲ့ (၄)မိုင်လောက်ဝေးပြီးမှ လုံဘွမ်းတိုက်နယ်ဆေးရုံနဲ့ဆိုရင် (၁၄)မိုင် လောက်ဝေးပါတယ်။ အဲဒီမှာ မော်တော်ဆိုင်ကယ် မပေါက် ပါဘူး။ ခြေလျင်လမ်းနဲ့ အဆင်းအတက်လုပ်ရပါတယ်။ တော်တော် မတ်စောက်ပါတယ်။ အဲဒိ နေရာမှာ ကျွန်တော်တို့က ဆေးပေးခန်းဖွင့်လှစ်ဖို့ ကျွန်တော်တောင်းခံထားပါတယ်။ နောက် ကူ လ်းဝမ် သားဖွားဆေးခန်း အနေနဲ့ ကျွန်တော်တို့ ရွာပေါင်းက (၄)ရွာရှိပါတယ်။ အိ မ်ခြေ(၃၀၀)လောက် ရှိပါတယ်။ နောက် ကူးလ်ဝမ်ကျေးရွာနဲ့ ဆိမ်ဇောကျေးရွာက(၄)မိုင်လောက်ဝေးတယ်။ လုံဘွမ်းကျေးရွာနဲ့(၃)မိုင်လောက် ဝေးပြီး လာသီးကျေးရွာနဲ့ (၁)မိုင်လောက်ဝေးပါတယ်။ အဲဒီနယ်မြေကတော့ မော်တော်ဆိုင်ကယ် ပေါက်ပါတယ်။ လုံဘွမ်းတိုက်နယ်ဆေးပေးခန်းနဲ့ဆိုရင် (၄)မိုင်လောက်ဝေးပါတယ်။ အဲဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီသွားလာရေး ခက်ခဲတဲ့ဒေသမှာ အရေးအကြောင်းပေါ်တဲ့အခါ ဒီကိုယ်ဝန်ဆောင်အမျိုးသမီးများ စိုးရိမ်ပူပန်မှု အများအပြားရှိပါတယ်။ တကယ်လို့ အဲဒီနေရာမှာ ဆေးပေးခန်းလေး ဖွင့်လှစ်နိုင်လို့ရှိရင် ကိုယ်ဝန်ဆောင်အမျိုးသမီးများ စိတ်ချမ်းသာစွာဖြင့်ကိုယ်ဝန် ဆောင်နိုင်မှာ ဖြစ်ပါတယ်။ နောက် ကိုယ်ဝန်ဆောင်စဥ် အစကဆိုရင်တော့ အဲဒီဒေသမှာဆိုရင် ဗိုက်အပ်တာ၊ ကိုယ်ဝန်အပ်တဲ့နေရာ လည်း မရှိတဲ့အတွက် ကြောင့် ကျွန်တော်တို့ ဒီကိုယ်ဝန်သည် များကို စောင့်ရှောက်ဖို့လည်း သားဖွားဆရာမ အလွန်လိုအပ်နေပါတယ်။ အရင်က ကျွန်တော်တို့ ဘွားလ်လုံအောက်တီးဆမ်ကျေးရွာမှာ ကျွန်တော်တို့ သားဖွားဆေးခန်း ရှိပါတယ်။ ကလေးထိန်း လည်းရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ လမ်းပန်းဆက်သွယ် ရေးခက်ခဲမှုကြောင့် ဒီ ဒုမန်းနဲ့ ဇော်လ်ပီးကျေးရွာကို (၇)မိုင်နဲ့(၁၂)မိုင်လောက် ဝေးတဲ့နေရာကို ကျွန်တော်တို့ အချိန်မီသွားရောက် နိုင်ခြင်းမရှိပါ။ ဒါကြောင့် ကျွန်တော်မေးမြန်းချင်တာက ဒီရွာစုတွေထဲကနေပြီးမှ အလယ်ဗဟို ကျတဲ့ ဖိုင်ဇောလ်ကျေးရွာ၊ ဆွောင်းဒိုကျေးရွာ၊ ကူလ်းဝ မ်ကျေးရွာနဲ့ ဒုမန်းကျေးရွာတို့ မှာ ကျေးရွာ သားဖွားဆေးပေးခန်းတစ်ခုစီ ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိနဲ့ ကျေးရွာသားဖွားဆေးခန်းမှာ ကျွန်တော်တို့ သားဖွားဆရာမတစ်ဦးစီ ခန့်ထားပေးဖို့ အစီအစဉ်ရှိမရှိ ရိုသေလေးစားစွာဖြင့်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်အတွင်းရှိပင်းဘောကျေးရွာအုပ်စု(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ ဆရာဝန်နှင့် သူနာပြုဝန်ထမ်းများ ထပ်မံခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် က ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်အတွင်းရှိပင်းဘောကျေးရွာအုပ်စု (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံသို့ ဆရာဝန်နှင့် သူနာပြုဝန်ထမ်းများ ထပ်မံခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ် စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ် အတွင်းမှာရှိတဲ့ ပင်းဘောကျေးရွာအုပ်စု (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံသို့ ဆရာဝန်နှင့် သူနာပြုများ ထပ်မံခန့်အပ်ပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာအုပ်စုမှာရှိတဲ့(၁၆)ခုတင်ဆံ့ တိုက်နယ် ဆေးရုံကို ၁၉၈၄ ခုနှစ်မှာ စတင်ပြီးတော့ ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ အဲဒီဆေးရုံရဲ့ ဆရာဝန်နဲ့ သူနာပြုများ၏ ဖွဲ့စည်းပုံမှာ ဆရာဝန်တစ်ဦး၊ အထက်တန်းသူနာပြုတစ်ဦးနှင့် အခြားအဆင့်(၄)ဦး စုစုပေါင်း(၆)ဦးဖြစ်ပါတယ်။ ယခုလက်ရှိခန့်ထားတဲ့ အခြေအနေကလည်း ဖွဲ့စည်းပုံ အတိုင်းပဲ (၆)ဦးပဲ ခန့်ထားလျက်ရှိပါတယ်။ သို့သော်လည်းပဲ ပင်းဘောကျေးရွာအုပ်စုဟာ အိမ်ခြေ ၅၀၀၀ ရှိပြီးတော့ လူဦးရေ ၂၀၀၀၀ ပတ်ဝန်းကျင်ရှိပါတယ်။ အဲ ဒီတော့ ဆရာဝန်နဲ့ သူနာပြုများနဲ့ လူနာများဟာ မမျှမတဖြစ်နေတာကို တွေ့ရှိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မိုးကောင်းမြို့နယ်အတွင်းမှာရှိတဲ့ ဆားမော်အုပ်စုရဲ့ (၁၆)ခုတင်ဆံ့ ဆေးရုံကိုလည်း ၂၀၀၃-၂၀၀၄ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပါတ ယ်။ အဲဒီ ဆေးရုံရဲ့ ဖွဲ့စည်းပုံဟာ ဆရာဝန်(၂)ဦး၊ အထက်တန်းသူနာပြု (၂)ဦး၊ သူနာပြု (၄)ဦးနဲ့ အခြားအဆင့် (၉)ဦး စုစုပေါင်း (၁၇)ဦးဖြစ်ပါတယ်။ လက်ရှိခန့်ထားမှုမှာလည်း ဆရာဝန် (၂)ဦး၊ သူနာပြု (၂)ဦးနဲ့ အခြားအဆင့် (၉)ဦး စုစုပေါင်း (၁၇)ဦးဖြစ်ပါတယ်။ ဒါဖွဲ့စည်းပုံအသစ်ပါ။ လက်ရှိခန့်ထားမှုဟာလည်း ဆရာဝန်

(၂)ဦးအပါအဝင် အားလုံး(၁၂)ဦးခန့်ထားပါတယ်။ အဲ ဒီတော့ ကျွန်တော်တို့ ပင်းဘော ကျေးရွာ အုပ်စု (၁၆)ခုတင်ဆံ့ဆေးရုံမှာ ခန့်ထားမှုဟာ (၆)ဦးပဲရှိပြီးတော့ အလားတူပဲ ဆားမှော်ကျေးရွာ အုပ်စု မှာခန့်ထားမှုဟာ ဆရာဝန် (၂)ဦးအပါအဝင် (၁၂)ဦးဖြစ်ပါတယ်။ ကွာခြားမှုဟာ တစ်ဝက် လောက်ရှိပါတယ်ခင်ဗျား။ အဲဒါကို ကျွန်တော်တို့က သက်ဆိုင်ရာဌာနများကို လေ့လာ မေးမြန်းတဲ့ အခါမှာ ပင်းဘောကျေးရွာအုပ်စုရဲ့ တိုက်နယ်ဆေးရုံဟာ ၁၉၈၄ ခုနှစ်မှာ စတင်ဖွဲ့စည်းတဲ့ အတွက်ကြောင့်မို့ သူက ဖွဲ့စည်းပုံအဟောင်းလို့ သိရပါတယ်။ အခု ဆားမှော်ကျေးရွာအုပ်စု (၁၆) ခုတင်ဆံ့ဆေးရုံကတော့ ၂၀၀၃-၂၀၀၄ ခုနှစ်ကျမှ ဖွင့်လှစ်တဲ့ ဆေးရုံဖြစ်တဲ့အတွက်ကြောင့်မို့ ဖွဲ့စည်းပုံအသစ်လို့ ပြောပါ တယ်။ ကျွန်တော်တို့ ပင်းဘောကျေးရွာအုပ်စုမှာရှိတဲ့ (၁၆)ခုတင်ဆံ့ ဆေးရုံ ကိုလည်း ဖွဲ့စည်းပုံအသစ်ကဲ့သို့ ပြုပြင်ပြီးတော့ ဆရာဝန်နှင့် နောက် ထပ်သူနာပြုများ ထပ်မံခန့်အပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း ဖြစ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စု ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၅။**

**ဒေါက်တာဖေသက်ခင်၊ပြည်ထောင်စုဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန**။ ။ ဒီနေ့ အစည်းအဝေးကို တက်ရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော့် အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင် စုဝန်ကြီးအနေနဲ့ ဒီနေ့မေးသွားတဲ့ မေးခွန်း (၃)ခုကို ကျွန်တော့်အနေနဲ့ တစ်ခုပြီး တစ်ခု ဖြေသွားမှာ ဖြစ်ပါတယ်။ ပထမမေးခွန်းကတော့ ကယား ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးရယ် ရဲ့ မေးခွန်း ဖြစ်ပါတယ်။ ရှားတောမြို့နယ်၊ သရိဒါးတိုက် နယ်ဆေးရုံအဆောက်အဦ ပြန်လည်ဆောက်လုပ် ပေးနိုင်ခြင်း ရှိ /မရှိ ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ အမှုထမ်း ကာလ တစ်လျှောက်မှာတုန်းက ရှားတောမြို့နယ်ဆေးရုံတစ်ရုံတွင် ကျွန်တော်တစ်ချိန်က တာဝန်ထမ်းဆောင်ဖူး ခဲ့တဲ့နေရာ ဖြစ်တဲ့ အတွက် အဲဒီအခြေအနေတွေကို ကျွန်တော်သိပါတယ်။၁၉၈၅-၁၉၈၆ ခုနှစ်လောက်က ကျန်းမာရေး ဝန်ကြီးဌာနအနေနဲ့ကတော့လောလောဆယ်မှာ ဆေးရုံအဆောက်အဦ ဆောက်လုပ်ဖို့ နှစ်ရှည်

စီမံကိန်း အဆိုပြုလွှာထားချက်များမှာ သရိ  ဒါးတိုက်နယ်ဆေးရုံ အဆောက်အဦ ဆောက်လုပ်ပေးဖို့ကိစ္စ မပါဝင်သေးပေမယ့် ပြန်လည်ဆောက်လုပ်လိုတဲ့ သတ်မှတ်ပုံစံနှင့်တကွ ကုန်ကျစရိတ်များတွက်ချက်ပြီးတော့ တိုက်နယ်ဆေးရုံအနေနဲ့ ဆောက်လုပ်ခွင့်ကို ကယားပြည်နယ် ကျန်းမာရေး ဦးစီးဌာန မှတစ်ဆင့် တင်ပြလာလို့ရှိရင် ဦးစားပေးအစီအစဉ်အရ နိုင်ငံတော်ရဲ့ရန်ပုံငွေလျာထားမှုများမှာ ထည့်သွင်းတွက်ချက်ပြီးတော့ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်တယ်လို့ ပြန်ကြားအပ်ပါတယ်။

ဒုတိယအနေနဲ့ကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)  အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း ရဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီဟာလည်း တိုက်တိုက် ဆိုင်ဆိုင် ၁၉၉၄ ခုနှစ်မှာ ကျွန်တော် ကလေးဆရာဝန်ကြီးအဖြစ် ဖလမ်းမှာတာဝန်ထမ်းဆောင်ခဲ့တော့ အဲဒီနေရာတွေလည်း ကျွန်တော်အထိုက်အလျောက် ရောက်ခဲ့ဖူးပါတယ်။ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်မှာ ကျေးလက်ကျန်းမာရေးဌာန(၉)ခု အခုဖွင့်လှစ်  ထားရှိပြီးတော့ ၎င်းတို့မှာ နယူး   မွန်လီ၊ ဆိုင်ပီး၊ ဆအက်၊ လုပ်ဘန်း၊ ခွာပွာလ်၊ လုမ်သဲ၊ ရာလောန်၊ တီးဘွားလ်၊ ရိဒ်တို့ဖြစ်ပါတယ်။ ဒီမေးမြန်းချက် အရမှာ  ဘွလ်ခေါကျေးရွာ၊ ဖိုင်ဇောလ်ကျေးရွာ၊ ဖာရ်ခေါမ်းကျေးရွာနှင့် ခေါ     င်းမွာလ်ကျေးရွာ တို့၏ အလယ်ဗဟိုကျတဲ့ ဖိုင်ဇောလ်မှာ ဌာနခွဲအသစ်ဖွင့်ပေးဖို့၊ ဒုမန်း ကျေးရွာမှာ  ဌာနခွဲအသစ်ဖွင့်ပေးဖို့၊ ဆွောင်းဒိုကျေးရွာမှာ ဌာနခွဲအသစ်ဖွင့်ပေးဖို့ ကူလ်းဝမ်  ကျေးရွာမှာ ဌာနခွဲအသစ်ဖွင့်ပေးဖို့ တင်ပြထားခြင်းအပေါ်မှာ ကျွန်တော့်   အနေနဲ့ ဖြေကြား  ရမယ်ဆိုရင် ကျန်းမာရေးဦးစီးဌာနက  သတ်မှတ်ထားရှိသည့် စာရင်းအချက်အလက်များဖြစ်တဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ တည်နေရာ၊ ဧရိယာအကျယ်အဝန်း၊ လူဦးရေနှင့် အိမ်ခြေ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်ရရှိပါက အကျိုး ပြုမည့် ဧ ရိယာအကျယ်အဝန်း၊ အနီး ဆုံးဆေးရုံ ဒါမှမဟုတ် ကျန်းမာရေးဌာနမှ အကွာအဝေး၊ လက်ရှိကျန်းမာရေးဌာနခွဲ ဖွင့်လှ စ်  ထားခြင်းရှိ/မရှိ၊ အဆောက်အဦ  အခြေအနေ၊ လမ်းပန်းဆက်သွယ်မှုအခြေအနေ၊ လုံခြုံမှု အခြေအနေ၊ လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့ကို ချင်းပြည်နယ် ကျန်းမာရေးဦးစီးဌာနရဲ့ သဘောထားမှတ်ချက်၊ ထောက်ခံချက်နှင့်တကွ ဖွဲ့စည်းပုံ အဆိုပြုတင်ပြချက်တို့ကို သတ်မှတ်ပုံစံနှင့် ကုန်ကျစရိ  တ်များ ပါတွက်ချက်ပြီးတော့  ဖော်ပြလာလို့ရှိရင် ကျန်းမာရေးဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်တဲ့အကြောင်း ပြန်ကြားအပ်ပါတယ်။

တတိယမေးခွန်းကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် ၏ မေးခွန်းဖြစ်ပါတယ်။ ဒီမှာလည်း ဦးစံပြည့် ပြောခဲ့တဲ့ နမ္မတီး၊ ပင်းဘော ဆားမှော်ဆိုတာ ကျွန်တော်ကိုယ်တိုင် ၁၉၈၆ ခုနှစ်တုန်းက တာဝန်ထမ်းဆောင် ခဲ့တဲ့ နေရာတချို့ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဖွဲ့စည်းပုံအသ စ်နဲ့ ခန့်ထားနိုင် ခြင်း ရှိ/မရှိကို မေးမြန်းချက်နဲ့ပတ်သက်ပြီးတော့ မိုးကောင်းခရိုင်မြို့နယ်လုံးအတွက် ကျွန်တော်တို့ဟာ ခုတင်(၅၀)ဆံ့ ဆေးရုံ(၁)ရုံ၊ (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံ(၃)ရုံ၊ နမ္မတီးမှာ(၁)ခု၊ ပင်း ဘောမှာ(၁)ခု၊ ဆားမှော်မှာ (၁)ခု)၊ ကျေးလက်ကျန်းမာရေးဌာန (၅)ခု၊ (ပင်းဘော၊ နမ္မတီး၊ ဆားမှော်၊ မရမ်း၊ မင်းတုန်း၊ နမ္မန ကျေးလက်ကျန်းမာရေးဌာနများ)နှင့် ကျေးလက်ကျန်းမာရေး ဌာနခွဲ(၂၀)ခုတို့ကို ဖွင့်လှစ်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှု ပေး လျက်ရှိပါတယ်။ လက်ရှိ အခြေအနေမှာတော့ ကိုယ်စားလှယ် တော်ကြီး ပြောသလိုပဲ ပင်းဘောတိုက်နယ်ဆေးရုံမှာ ဆရာဝန်(၁)ဦး၊ အထက်တန်းသူနာပြု(၁)ဦး၊ ဆေးစပ်(၁)ဦး၊ လုပ်သား(၃)ဦး စုစုပေါင်း(၆)ဦးသာ ရှိပြီးတော့ ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက် ပေးလျက်ရှိပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ခရိုင်မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံများကို စံကိုက် ဖွဲ့စည်းပုံရရှိရန် တောက်လျှောက်ဆောင်ရွက်လျက် ရှိပါတယ်။ ပင်းဘောတိုက်နယ် ဆေးရုံအတွက် စံကိုက်ဖွဲ့စည်းပုံ ခွင့်ပြု ချက်ရရှိလို့ရှိရင်တော့ ဆရာဝန် (၂)ဦး၊ အထက်တန်း သူနာပြု(၂)ဦး၊ သူနာပြု(၄)ဦးအပါအဝင် ဝန်ထမ်းရာထူး (၁၇)ဦးပါဝင်တဲ့ ဖွဲ့စည်းပုံနဲ့ဝန်ထမ်း များ ဖြည့်စွက် ခန့်ထားပေးနိုင်မည်ဖြစ်ကြောင်း ပြန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ကိုယ်ပိုင်ကျောင်း မှတ်ပုံတင် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းအား ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့ လာခြင်းနဲ့စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားပါတယ်။ ဆွေးနွေးမည့်ကိုယ်စားလှယ်များဟာ အမျိုးသား

လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၂( င)အရ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်များကို ဆီလျော်ညီညွတ်စေရန်ပြင်ဆင်ခြင်း သို့မဟုတ် အစားထိုးပြင်ဆင်ခြင်း သို့မဟုတ် ထိုပြင်ဆင်ချက်ရဲ့ အကြောင်းအရာများနှင့် သက်ဆိုင်သော ပြင်ဆင်ချက်ပြုလုပ်ခြင်းမှ တစ်ပါး နောက်ထပ် ပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းမပြုကြရန်ဖြစ်ပါတယ်။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၀။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု ဖြစ်ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းကို ပညာရေးဝန်ကြီးဌာန ဝန်ကြီးက အဆိုပြုသွားပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည် ပြုချက် နှိုင်းယှဉ်ချက်ဇယားပါ အချက်အလက်များကို အခြေခံ ပြီးတော့ ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ဇယားမှာပါဝင်တဲ့ အမှတ်စဉ် (၁) အပိုဒ်(၄)မှာဆိုရင် လူမှုရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းတာဝန်များဟာ အောက်ပါအတိုင်း ဖြစ်ပါတယ်လို့ ပညာရေးဝန်ကြီးက အဆိုပြုသွားပါတယ်။ ဒီအချက်အလက်ကို အမျိုးသားလွှတ်တော် ကနေပြီးတော့ ပယ်ဖျက်ထားပြီးတော့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ ပညာရေးဝန်ကြီးဌာနရဲ့အဆိုပြုတဲ့ အချက်အလက် များအတိုင်း ထပ်မံပြီးတော့ အတည်ပြုထားတာ တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် အစိုးရအဖွဲ့များ ရှိနေကြပြီးတော့ မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအလိုက် တိုးတက်ဖွံ့ဖြိုးမှုများကို တာဝန်ယူဆောင်ရွက်နေရချိန် ဖြစ်တဲ့အတွက် လူမှုရေးဝန်ကြီးဌာနရဲ့ တာဝန်များကို သတ် မှတ်ထားချက်များ ပါရှိနေခြင်းဟာ အလွန်သင့်မြတ်တဲ့ အချက်အလက်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းပါ လူမှုရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းတာဝန်များကို သတ်မှတ်ချက်ပါရှိနေ ခြင်းမှာ ပညာရေးဝန်ကြီးဌာနရဲ့ မူလအဆိုပြုချက်နဲ့တကွ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်များကို ဆက်လက်အတည်ပြုထားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် (၂) အပိုဒ် ၈ မှာပါတဲ့ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ခွင့် အောက်ပါအချက်အ လက်ပြည့်စုံရမည် ဆိုတဲ့ အချက်နဲ့ ပတ်သက်ပြီးတော့ အနည်းဆုံး ပဉ္စမတန်းမှ ဒသမတန်းအထိ ဖွင့်လှစ်သင်ကြားရန် စီမံထားရှိခြင်းလို့ ပညာရေးဝန်ကြီးဌာနက အဆိုပြုထားပါတယ်။ အနည်းဆုံးဆိုတ ဲ့ အချက်အလက်ပေါ်မှာ အခြေခံပြီးတော့ သိရှိရတဲ့အချက်က(၅)တန်းကနေ (၁၀)တန်းအထိ အထက်တန်းကျောင်းများမှာသာ ရှိရမယ့်အတန်းများကို ဖော်ပြထားတယ် လို့ ကျွန်တော်တို့ သိရှိရတာဖြစ် ပါတယ်။ ဒါကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်က အတည်ပြုချက်မှာ ပြင်ဆင်ချက်မရှိ ပေမယ့် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်မှာတော့ အလယ်တန်းပညာကိုဖြစ်စေ၊ အထက်တန်းပညာကိုဖြစ်စေ၊ အလယ်တန်းမှ အထက်တန်းပညာကိုဖြစ်စေ ဖွင့်လှစ်သင်ကြားရန် စီမံထားရှိခြင်းဆိုတဲ့ အချက်အလက်များကို အတည်ပြုတင်ပြထားကြောင်း တွေ့ရှိရပါတယ်၊ ဥက္ကဋ္ဌကြီးခင်ဗျား။ အလယ်တန်းပညာကိုဖြစ်စေဆိုသည်မှာ ပဉ္စမတန်းမှ အဋ္ဌမတန်းကို သင်ကြား ခြင်းဖြစ်ပါတယ်။ အထက်တန်းပညာကိုဖြစ်စေဆိုတဲ့ အချက်ကတော့ ဒါမှဖြင့် (၉)တန်းနှင့်(၁၀)တန်းကိုသာ ရည်ညွှန်းတဲ့ အသုံးအနှုန်းဖြစ်ပါတယ်။ အလယ်တန်းမှ အထက်တန်းပညာကို ဖြစ်စေ ဖွင့်လှစ်သင်ကြားခွင့်ဆိုတာကတော့ ပဉ္စမတန်းမှ ဒသမတန်းအထိ သင်ကြားခြင်းကို ဖော်ပြရည်ညွှန်းကြောင်းကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဉ္စမတန်းမှ ဒသမတန်းအထိ သင်ကြားခွင့်ရှိတဲ့ ကျောင်းတစ်ကျောင်းဟာ အထက်တန်းကျောင်းပဲ ဖြစ်ပါတယ်။ လက်ရှိ အခြေခံပညာဖွဲ့စည်းပုံအရ ပဉ္စမတန်းမှ ဒသမတန်းအထိ ပညာသင်ကြားခြင်းကို အခြေခံပညာ အထက်တန်းကျောင်းများက ပို့ချလျက်ရှိပါတယ်။ ဒါကြောင့် ပညာရေးဝန်ကြီးဌာန အဆိုပြုချက်များသည် အထက် တန်းကျောင်းအဆင့်ကို ရည်ညွှန်းထားတယ်လို့ မှတ်ယူရန်ရှိပါကြောင်း တင်ပြလိုပါတယ်။ သို့ရာတွင် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်များမှာတော့ အလယ်တန်းပညာကိုဖြစ်စေလို့ သတ်မှတ်ထားတဲ့အတွက်ကြောင့် အလယ်တန်းအဆင့် ဖြစ်တဲ့ (၅)တန်းကနေပြီးတော့ (၈)တန်းအထိကို သင်တဲ့ကျောင်းကိုဖြစ်စေ၊ အထက်တန်းပညာကိုဖြစ်စေလို့ပြောတဲ့အတွက်ကြောင့်(၉)တန်းနဲ့(၁၀)တန်း နှစ်တန်းတည်းကိုသင်တဲ့ ပညာကို ဖြစ်စေ၊ အလယ်တန်းမှ အထက်တန်း ပညာကိုဖြစ်စေဆိုတဲ့ အချက်အလက်ကတော့ (၅)တန်းကနေ(၁၀)တန်းအထိ သင်ကြားတဲ့ပညာ ကိုဖြစ်စေလို့ အချက် (၃)ချက်ကို ဖော်ပြထားပါတယ်။ ဥက္ကဋ္ဌ ကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနရဲ့ အဆိုပြုချက်က အထက်တန်းကျောင်းကိုသာ ရည်ညွှန်းတယ်လို့ မှတ်ယူရန်ရှိတဲ့အတွက် အဆိုပါဖော်ပြချက်များနဲ့ အထက်တန်းပညာကို

ဖြစ်စေဆိုတဲ့ အချက်အလက်သည် (၉)တန်းနဲ့(၁၀)တန်း နှစ်တန်းကိုသာသင်တဲ့ ကျောင်းမျိုး သီးသန့်ပေါ်ပေါက်လာမှာ ဖြစ်တဲ့အတွက်ကြောင့် အခြေခံပညာမှာ ရှိနေတဲ့ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်ဆိုတဲ့ အဆင့်(၃)ဆင့်ကိုသင်တဲ့ ကျောင်းအမျိုးအစား(၃)မျိုး ထဲမှာ တစ်ခုခုထဲမှာ အပြီးအပိုင်ပါဝင်နေသင့်တယ်လို့ ယူဆ ရပါတယ်။ ဒါကြောင့် အထက်တန်း ပညာကိုဖြစ်စေဆိုသည်မှာ (၉)တန်းနဲ့(၁၀)တန်း နှစ်တန်းကိုသာသင်တဲ့ ကျောင်းမျိုးဖြစ်နေတဲ့ အတွက် သင်တန်းသဘောမျိုး သက်ရောက်သွားမှာလည်း စိုးရိမ်ပူပန်မိပါတယ်။ ဒါကြောင့် အခြေခံပညာမှာ ပကတိရှိပြီးသားဖြစ်တဲ့ ပ ညာရေးဝန်ကြီးဌာန ရည်ညွှန်းတဲ့ (၅)တန်းကနေ (၁၀)တန်းအထိသင်တဲ့ အထက်တန်းကျောင်းအမျိုးအစား သို့တည်းမဟုတ် အလယ် တန်းကျောင်း အမျိုးအစားသာ ဖြစ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အမှတ်စဉ်(၃)မှာတော့ဖြင့်

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက်ကိုထောက်ခံတာလား။ ကန့်ကွက် တာလား။

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ဒီအချက်(၂)ချက်ကို ကန့်ကွက်ပါတယ်။ အလယ်တန်းမှ အထက်တန်းထိ ပညာကိုဖြစ်စေ ဆိုတဲ့အချက်ကိုပဲ ပညာရေးဝန်ကြီးဌာနရဲ့မူလိုအပ်ချက်နဲ့ကိုက်ညီလို့ ထောက်ခံမှာဖြစ်ပါကြောင်း တင်ပြ အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်တာနော်။

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဟုတ်ကဲ့ခင်ဗျား။ဥက္ကဋ္ဌကြီး ခင်ဗျား။ အမှတ်စဉ်(၃)ပါ ပုဒ်မ ၈(ဇ)၊ ပုဒ်မခွဲ(၄)နဲ့ အဆုံးသတ်သွားထားတဲ့ အောက်မှာဖြင့် ပညာရေး ဝန်ကြီးဌာနက မူလပြဋ္ဌာန်းချက်မရှိလို့ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်လည်း တစ်စုံတစ်ရာ မရှိပါဘူး။ အဲဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ကဖြင့် ကျန်းမာရေးနှင့်ညီညွတ်သည့် စားရိပ်သာများ စီစဉ်ထားရှိရန်ဆိုတဲ့ အချက်အလက်ပါရှိနေကြောင်းကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူလတန်းကျောင်းမှာဖြစ်စေ၊ အလယ်တန်းကျောင်းမှာဖြစ်စေ၊ အထက်တန်းကျောင်းမှာဖြစ်စေ ကျောင်းကျန်းမာရေးအဖွဲ့များ အစိုးရကျောင်းများ မှာ နိုင်ငံတော် ကျောင်းများမှာ ဖွဲ့စည်းထားပြီးတော့ ကျောင်းကျန်းမာရေး ဆုပေးပွဲများပင်ကျင်းပပြီး ကလေးတွေ

အစားအသောက်များပေါ်မှာ စိစစ်တဲ့ စားရိပ်သာ များ၊ အစားအ သောက်ဆိုင်ရာများ ဖွဲ့စည်းထားတာရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီပြင်ဆင်ချက် ၈ (ဇ)(၄) ရဲ့ အောက်မှာ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုတင်ပြချက်အရ (ဇ)(၅) အဖြစ်နဲ့ ကျန်းမာရေး နဲ့ညီညွတ်တဲ့ စားရိပ်သာစီစဉ်ထားရှိရန်ဆိုတဲ့ အချက်အလက်က ထည့်သွင်းဖော်ပြသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၄ (၁၀)(က)မှာ ပညာရေးအရာရှိဟာ ပုဒ်မ ၉ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နဲ့အညီ စိစစ်ပြီးတော့ လူမှုရေးဝန်ကြီးဌာနရဲ့ သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးထံ တင်ပြရမည်ဆိုတဲ့ အပိုဒ်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကတော့ ပညာရေးအရာရှိရဲ့အပိုဒ် ၈ အရ ကိုယ်ပိုင်ကျောင်းတည်ထောင်ခွင့် ဖွင့်လှစ်ခွင့်ပြုရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနဲ့အညီ စိစစ်ပြီးဆိုတဲ့အချက်အလက်ကို ပြောင်းလဲဖော်ပြထားတာ တွေ့ရှိရပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ ပညာရေး ဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ အချက်များအတိုင်း ဖော်ပြထားကြောင်းတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါ ကျွန်တော်တို့ ဒီ ကိုယ်ပိုင်ကျောင်းဥပဒေရဲ့ ပုဒ်မ ၇ ဟာ ကိုယ်ပိုင်ကျောင်းကို မှတ်ပုံတင် လက်မှတ်ထုတ်ပေးဖို့အတွက် ဖော်ပြတဲ့အချက်အလက်များကို ဒီ ပုဒ်မ ၇ က ဖော်ပြထားတာဖြစ်ပြီး ပုဒ်မ ၈ ကတော့ လိုအပ်ချက်များကို အဲဒီလို မှတ် ပုံတင်နိုင်ဖို့အတွက် လိုအပ်ချက်များကိုဖော်ပြတာဖြစ်ပါတယ်။ ပုဒ်မ ၉ ကတော့ ပုဒ်မ ၇ နှင့် ၈ နှစ်ခုလုံး တစ်ပေါင်းတည်းပါဝင်ပါမှ ပြည်နယ် /တိုင်းဒေသကြီးရုံးကို လျှောက်ထားနိုင်ရန် ဆိုထားတာဖြစ်ပါတယ်။ ဒါကြောင့် ပုဒ်မ ၇ နှင့် ၈ တို့ဟာ ပုဒ်မ ၉ မှာ အကျုံးဝင်ပြီးဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့်မို့ ပညာရေးဝန်ကြီးဌာနရဲ့ အဆိုပြုပြင်ဆင်တဲ့ အချက်များနဲ့ ပြည်သူ့လွှတ်တော် အတည်ပြုချက်များအတိုင်း မူလသတ်မှတ်ချက်များအတိုင်း ၁၀ (က)ကို မူလ ပညာရေးဝန်ကြီးဌာနရဲ့ အဆိုပြင်ဆင်ချက် အတိုင်းထားရှိသင့်ပါကြောင်း အကြံပြု တင်ပြအပ် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထောက်ခံတာလား။

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဟုတ်ကဲ့။ ကျွန်တော်တို့ မူလအတိုင်းပဲ။ ဥက္ကဋ္ဌ မူလအတိုင်းထားရှိရန် ထောက်ခံတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ထောက်ခံတာလား။

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ပြည်သူ့လွှတ်တော်က ပညာရေးဝန်ကြီးဌာနရဲ့ အတည်ပြုချက်အတိုင်းဖြစ်ပါတယ်။ အတူတူပါပဲ။

**ဥက္ကဋ္ဌ**။ ။ မှန်တယ်လေ။ အခု ခင်ဗျားဆွေးနွေးတာ။

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဟုတ်ကဲ့။ ဟုတ်ကဲ့ပါ။ ထောက်ခံပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ် ၁၆(ဒ)နဲ့ပတ်သက်ပြီးတော့ မူလတန်းမှအပ အခြားအတန်းများတွင်ဆိုတဲ့ အချက်အလက်မှာ မူလတန်းအဆင့် ပါဝင်နေခြင်းမရှိတဲ့အတွက်ကြောင့် ပညာရေးဝန်ကြီးဌာနရဲ့ ဖော်ပြချက်က သင့်လျော်ပါတယ်။ အဲဒီ တစ်ခု အချက်အလက် ပြောရမှာ။ သို့သော်လည်းပဲ ကျွန်တော် တို့ မူလတန်း မှအပ အခြားအတန်းများ တွင် မြန်မာ့ ယဉ်ကျေးမှုနှင့် ကိုက်ညီသော ကျောင်းဝတ်စုံကိုသတ်မှတ်ပြီးတော့ ယင်းသို့သတ်မှတ်ရာတွင် အခြားအတန်းများနှင့် ကွဲပြားစေရန်အလို့ငှာ အကျႌလုံချည်ကို ရောင်စုံတတ်ဆင်ပေးနိုင်သည် ဆိုသည့်အချက်အလက်သည် ပညာရေးဝန်ကြီးဌာနရဲ့ အဆိုပြုပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ မူလတန်းမှအပ အခြားအတန်းများတွင် ဆိုတဲ့အပိုဒ်ကို ဖယ်ရှားပြီးတော့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော ကျောင်းဝတ်စုံကိုသတ်မှတ်ခြင်းဆိုတဲ့ဟာကို ဖော်ပြထားပါတယ်။ မူလတန်းမှအပ အခြားအတန်းလို့ ဆိုတဲ့ အချက်အလက်သည်လည်း မူလတန်းမရှိတဲ့ ကျွန်တော်တို့ ကျောင်းဖြစ်နေတဲ့အတွက်ကြောင့် ပညာရေးဝန်ကြီးဌာနက ဖော်ပြချက်ထဲမှာ မူလတန်းမှအပ ဆိုတဲ့စကားလုံးကို ထည့်ရန်မလိုတော့ တဲ့အကြောင်းကို စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်မှာတော့ ပြင်ဆင်ချက် တစ်စုံတစ်ရာ မရှိပါဘူး။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ထဲမှာ မြန်မာ့ယဉ်ကျေးမှုနှင့် ကိုက်ညီသော ဝတ်စုံကိုသတ်မှတ်ခြင်း၊ ယင်းသို့သတ်မှတ်ချက်တွင် အခြားကိုယ်ပိုင်ကျောင်းများနှင့် ကွဲပြားစေရန် အလို့ငှာ အကျႌ လုံချည် အရောင်တို့ သတ်မှတ်ပေးနိုင်သည် ဆိုသည့်အချက်အလက်ကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၀။**

**ဦးဖုန်းမြင့်အောင်ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ဆွေးနွေးမယ့် အပိုဒ်ကတော့ အပိုဒ် ၈ ပါ။ အပိုဒ် ၈ အရ ကျွန်တော်တို့ မူလ ပညာရေးဝန်ကြီးဌာနရဲ့ ကိုယ်ပိုင်ကျောင်းအဆိုမှာ မူလတန်းပညာသင်ကြားခွင့်အတွက်ဆိုတဲ့ သဘောပါပါတယ်။ ဒါကိုအနည်းဆုံး ပဥ္စမတန်းမှ ဒသမတန်းအထိ ဆိုတဲ့အတွက် သူက မူလတန်း မပါဘူးဆိုတဲ့ အတွက် မူလတန်းမပါဘူးလို့ မဆိုလိုတဲ့အတွက် မူလ တန်းပါဖွင့်လို့ရတဲ့ သဘော ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်က အတည်ပြုပါတယ်။ ဒါပေမယ့် ပြည်သူ့ လွှတ်တော် ရောက်တဲ့အခါ မူလ တန်းက လုံးဝတိတိကျကျကြီး ပြုတ်သွားပါတယ်။ ဒါကြောင့် ကျွန်တော်တင်ပြလိုတာက မူလတန်းနဲ့ ပတ်သက်ပြီး တင်ပြလိုပါတယ်။ မူလတန်းပညာသည် မသင်မနေရ ပညာရေးစနစ် ဖြစ်ပါတယ်။ နော က် မူလတန်းကျောင်းသား အရေအတွက်သည် မြန်မာနိုင်ငံမှာရှိတဲ့ ကျောင်းသားအရေအတွက်မှာ အများဆုံးအရေအတွက် ဖြစ်ပါတယ်။ ဒီအချက် (၂)ချက်အရ ကျွန်တော်တို့ မူလတန်းပညာရေးကို ဥပဒေအရ အခွင့်အရေး ပေးနိုင်သမျှ ပေးသင့် ပါတယ်။ ဒါကြောင့် မူလတန်းပညာရေးကို ကိုယ်ပိုင်ကျောင်းဥပဒေထဲမှာ ထည့်သွင်းသင့်ကြောင်း ကျွန်တော် ထောက်ခံတင်ပြလိုပါတယ်။ ဒီမူလတန်းပညာကို ကိုယ်ပိုင်ကျောင်းမှာ ထည့်သွင်းနိုင်မယ် ဆိုလို့ရှိရင် ဖွင့်နိုင်တဲ့သူ ဖွင့်မယ်။ တက်နိုင်တဲ့ သူက တက်မယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု လျော့ပါမယ်။ နောက်ကျွန်တော် မူလတန်း ပညာ ဖွင့်လှစ်သင်ကြားသင့်တဲ့အတွက် အကြောင်းပြချက်လေးတချို့ကို တင်ပြလိုပါတယ်။

ကျွန်တော်တို့ အခြေခံပညာနဲ့ပတ်သက်လို့ ကျူရှင်ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ အမျိုးသား လွှတ်တော်မှာ တော်တော်လေးကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ တိကျတဲ့အဖြေမရပါဘူး။ ကျွန်တော်တို့ အခြေခံပညာ မှာ မူလတန်းရယ်၊ အလယ်တန်းရယ် ၊ အထက်တန်းဆိုပြီး (၃)မျိုးရှိပါတယ်။ အဲဒီမှာ အထက်တန်းမှာဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ကျူရှင် ပြဿနာမရှိပါဘူး။ အထက်တန်းသင် ဆရာတွေကလည်း ကျူရှင်ပေးလို့မရပါဘူး။ အထက်တန်း ကျောင်းတွေမှာ အဓိကပြဿနာက ကျော င်းခေါ်ချိန်ပြည့်ဖို့ ပြဿနာ ပါပဲ။ အခု သီတင်းကျွတ် ပြီးလို့ရှိရင် ကျွန်တော် တို့ သွားကြည့်ပါ။ အထက်တန်းကျောင်းတွေမှာ ကျောင်းသားလည်း မရှိတော့ပါဘူး။ ဆရာလည်းမရှိတော့ပါဘူး ။ ကျောင်းခေါ်ချိန် သူတို့ ပြည့်သွားလို့ပါ။ အဓိက

ကျူရှင်ပြဿနာ အဓိကအများဆုံးဖြစ်တဲ့ ပြဿနာက ကျွန်တော်တို့ မူလတန်းမှာပါ ၊ ဘာကြောင့် ဖြစ်သလဲဆိုရင် မူလတန်းမှာ ဆရာတွေကိုယ်တိုင် မဟုတ်ပါဘူး။ မိဘတွေကိုယ်တိုင်က တက်တက် ကြွကြွနဲ့ ကျူရှင်ကိစ္စကို ပါဝင်နေလို့ပါ။ ဒါကြောင့် မူလတန်းပညာမှာ ကျူရှင်ကိစ္စဟာ ပြဿနာ အများဆုံး အဖြစ်ဆုံးပါပဲ။ နောက် ကျွန်တော်တို့ ဟိုတစ်လောက ဆရာကြီးဦးနု တင်ပြပါတယ် ။ ကျွန်တော်တို့ကျောင်းတွေမှာ အမျိုးသားဆရာတွေ ရှားနေတယ်ဆိုတဲ့အချက် အမျိုးသားဆရာတွေ ရှားလာတယ်ဆိုတဲ့အချက်က ဘာတွေဖြစ်ကုန်သလဲဆိုရင် ယခုအချိန်မှာ ကျောင်းသား ဗဟိုပြု သင်ကြားရမယ့် စနစ်ဆိုတာမျိုးက ပေါ်ထွန်းနေပါပြီ။ ဒီလိုကျောင်းသားဗဟိုပြုပြီး သင်ကြားကြတဲ့ အခါမှာ သင်ကြားတဲ့ ဆရာကိုယ်တိုင်ကိုက စိတ်ရှည်ဖို့ အမြင်ကျယ်ဖို့ လိုပါတယ်။ ဒါတွေဟာ အမျိုးသားဆရာတွေကပဲ တတ်နိုင်တဲ့အလုပ်ပါ။ နောက်ပြီးတော့ ဆရာကြီးဦးဆွေအောင် တို့လည်း လွှတ်တော်မှာ မေးခွန်းတစ်ခု တင်ပါတယ်။ ကျောင်းသားတွေကို စူးစမ်းတတ်တဲ့ မေးခွန်းတွေ မေးဖို့ပါ။ ဒီလို စူးစမ်းတတ် တဲ့ မေးခွန်းတွေကို မေးမြန်း ဖို့ဆိုရင် ဆရာကိုယ်တိုင်က အတွေ့အကြုံ ရင့်ကျက်ရမယ်။ ကျောင်းပညာဗဟုသုတ၊ အခြားဗဟုသုတအမြင်ကျယ်ဖို့ လိုပါတယ်။ ဒါတွေဟာ အမျိုးသမီးဆရာမတွေထက် အမျိုးသားဆရာတွေ ပိုစွမ်းဆောင်နိုင်ပါတယ်။ ဒီလိုအပ်ချက်တွေဟာ ပညာရေးဝန်ကြီးဌာန အနေနဲ့ကတော့ လက်တွေ့ဖြေရှင်းဖို့ သူတို့မှာ ဆရာအခက်အခဲတွေ ရှိပါတယ်။ ဒါတွေ ကျွန်တော်တို့ လက်ခံပါတယ်။ ဒါပေမယ့် ဒီလိုအခက် အခဲတွေကို ကိုယ်ပိုင် ကျောင်းတွေမှာတော့ ဖြေရှင်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒီကိုယ်ပိုင်ကျောင်း တွေမှာ အဓိက အခြေခံအကျဆုံးဖြစ်တဲ့ မူလတန်းပညာရေးစနစ်မှာ အချက် အလက်တွေကို ဖြေရှင်းနိုင် မယ်လို့ ကျွန်တော်ယုံကြည်တဲ့အတွက် ကိုယ်ပိုင်ကျောင်းဥပဒေမှာ မူလတန်းပညာ ထည့်သွင်းသင့်တယ်လို့ ဆွေးနွေးခြင်းဖြစ်ပါတယ်။ ဒီလို မူလတန်းပညာရေးကို ဆွေးနွေးလိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အပိုဒ်(၁၅)မှာရှိတဲ့ မူလတန်းမှအပ ဆိုတဲ့အချက်ကို ကျွန်တော်တို့ ပြန်ထည့်သွင်းရပါမယ်။

နောက်တစ်ချက်က မြန်မာ့ယဉ်ကျေးမှုနဲ့ ကိုက်ညီသော ကျောင်းဝတ်စုံလို့ပြောပါတယ်။ ကျွန်တော်တို့ ဟိုတစ်နေ့ကလည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးက ပြောပါတယ်။ ချင်းပြည်နယ်မှာ ရာသီဥတု တော်တော်ဆိုးတဲ့အကြောင်းပေါ့။ အဓိက ရာသီဥတုဆိုးတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ် တွေမှာ ဒီကျောင်းသားကလေးငယ်တွေဟာ ဒီမြန်မာ့ယဉ်ကျေးမှုဝတ်စုံအပြင် ရာသီဥတုနဲ့ ကိုက်ညီ သောဝတ်စုံတွေကလည်း လိုပါတယ်။ ကျွန်တော် တို့ ချင်းပြည်နယ် ကိုယ်စားလှယ်ကြီးတွေကို မေးကြည့်လို့ရှိရင် အနွေးထည်အခံတို့ဘောင်းဘီအထူကြီးတွေ၊ အင်္ကျီအထူကြီးတွေ ဝတ်ပြီးတော့မှ

အပေါ်မှာ ကျောင်းစိမ်းကို ထပ်ဝတ်ရတယ်ဆိုတော့ အမြင်မကောင်းတဲ့သဘောမျိုး တွေ့ရပါတယ်။ အဲဒါကြောင့် ကျောင်းသား လူငယ်တွေအတွက်က ယဉ်ကျေးမှုနဲ့လည်း ကိုက်ညီသလို တစ်ဖက်ကလည်း ရာသီဥတုနဲ့ကိုက်ညီတဲ့ ဝတ်စုံလေးတွေကိုလည်း ခွင့်ပြုသင့်ပါတယ်။ အဲဒါကြောင့်လည်း မြန်မာ့ယဉ်ကျေးမှုအပြင် ရာသီဥတုနဲ့ကိုက်ညီသောဝတ်စုံများကိုလည်း ကျွန်တော်တို့ သက်ဆိုင်ရာ ရာသီဥတုဆိုးရွားတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ခွင့်ပြုသင့်ပါတယ်လို့ တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၅။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ကျွန်တော့်အနေနဲ့ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းကို ဝန်ကြီးဌာနအဆိုပြုချက်နဲ့ အမျိုးသားလွှတ်တော် အတည်ပြုချက် အပေါ်မှာ ပြည်သူ့လွှတ်တော်ကအတည်ပြုချက်နှိုင်းယှဉ်ချက်ဇယားနဲ့ ပတ်သက်ပြီးတော့ဆွေးနွေး ပါမယ်။ အမှတ်စဉ်(၁)အနေနဲ့ အပုဒ်(၄)ကို ဆွေးနွေးရန် ဖြစ်ပါတယ်။ အပုဒ်(၄)ဟာ ဝန်ကြီးဌာန အဆိုပြုချက်သည် ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ဒါကိုဖယ်ပြီးဖြစ်ပါတယ်။ ဘာကြောင့်လည်း ဆိုလို့ရှိရင် ဒါ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရမှာ လူမှုရေးဝန်ကြီးရှိပေမယ့် ပညာရေးဆိုင်ရာ လုပ်ပိုင်ခွင့်နဲ့ ပတ်သက်ပြီးတော့ ဥပဒေပြုဇယားမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ကို ပေးထားတာ မရှိပါဘူး။ ဒါကြောင့်မို့လို့ လူမှုရေးဝန်ကြီးဌာန တာဝန်ဆိုတဲ့အထဲမှာ ပညာရေးနဲ့ ပတ်သက်တဲ့ သဘောထားမှတ်ချက်တွေ ပေးဖို့ဆိုတဲ့ကိစ္စကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ပယ်ဖျက် ထားခြင်းဖြစ်ပါတယ်။ အဲဒီ အချက်ကို ပြည်သူ့လွှတ်တော်က ပြန်ထည့်ထားတဲ့အတွက် ကြောင့် အဲဒီအချက်ကို ကျွန်တော်ကန့်ကွက်ပါတယ်။ ဒုတိယ အချက်ကတော့ အပုဒ် (၈)ဖြစ်ပါတယ်။ အပုဒ်(၈)မှာလည်းပဲ ပညာရေးဝန်ကြီးဌာနက အနည်းဆုံးပဉ္စမ မတန်းမှ သတ္တမ မတန်းထိဆိုတဲ့ ဖွင့်လှစ်ထားရန် ပြဋ္ဌာန်းထားပါတယ်။ ပဉ္စမ မတန်းမှ ဒသ မကျောင်းအထိဆိုတော့ အထက်တန်း ကျောင်းဖြစ်ပါတယ်။ အနည်းဆုံးဆိုတဲ့အတွက်ကြောင့် သူထက်ပိုပြီး မူလတန်းမှ လည်း စပြီးဖွင့် နိုင်ပါတယ်။ (ကျွန်တော်ကို အင်္ဂလိပ် စကားလေး သုံးခွင့်ပြုပါ။) ဆိုလိုတာတော့ Incomplete

Secondary School နဲ့ Complete Secondary School ဖြစ်ပါတယ်။ Incomplete ဆိုတာ (၅)တန်းမှ (၁၀)တန်းပါ။ Complete ကတော့ သူငယ်တန်း ကနေ(၁၀)တန်းပါ နှစ်ခုလုံးဖွင့်နိုင်အောင် စိစစ်ထားတာကို ပြည်သူ့လွှတ်တော်ကနေ အလယ်တန်းထိပဲခွဲပြီးတော့ ကျောင်းဖွင့်ဖို့ အထက်တန်းကြီးပဲ ကျောင်းခွဲဖွင့်ဖို့ သို့မဟုတ် အလယ်တန်းနှင့် အထက်တန်းခွဲဖွင့်ဖို့ ဆိုတာ ကျွန်တော်တို့လိုချင်တဲ့ Quality Education လို့ခေါ်တဲ့ အရည်အသွေးမြင့် တဲ့ ပညာရေး ရရှိရန်မှာ အနှောင့်အယှက် ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ကျွန်တော်ကန့်ကွက်ပါတယ် ခင်ဗျာ။အပိုဒ်(၃)အနေနဲ့ကတော့ ကန့်ကွက်ရန် အကြောင်းမရှိပါဘူး။ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ စားရိပ်သာ ဆိုတာကတော့ ဒါ ဖြစ်သင့်ပါတယ်။ အပို ဒ်(၄)အနေနဲ့ ကတော့ ပညာရေးအရာရှိဟာ အပို ဒ်(၁)မှာကတည်းက ကန့်ကွက် ထားပြီးဖြစ်တဲ့အတွက်ကြောင့် အဲဒီမှာလူမှုရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် တင်ရမည်ဆိုသောအချက်ကို ထည့်ရန် မလိုကြောင်း ကျွန်တော်အနေ နဲ့ကန့်ကွက်တင်ပြအပ်ပါတယ်။ အပိုဒ်၁၅(က)မှာ မူလတန်း မှအပ အခြားအတန်းများဖွင့်လို့ပါတဲ့အခါ ပညာရေးဝန်ကြီးဌာနက အနည်းဆုံးအလယ်တန်းမှအထက်တန်း အထိလို့ပါတဲ့ အတွက်ကြောင့် မူလတန်းလည်းပါလာနိုင်တယ်။ မူလတန်းကလေးဟာ သူငယ်တန်း (၅)နှစ်အပ်ကာစက (၄)တန်းကျောင်းသား(၁၀)နှစ်ထိအောင် ထမီ၊ ပုဆိုးနိုင်တဲ့အဆင့် မရှိပါဘူး။ ဒီအဆင့်ဟာ သဘာ ဝအားဖြင့် စကတ်လေးတွေ၊ ဘောင်းဘီလေးတွေ ဝတ်ရမှာဖြစ်ပါတယ် ။ ဒါကြောင့်မို့လို့ မူလတန်းမှအပလို့ ရေးသားထားတာဟာ ဆီလျော်ပါတယ်။ အဲဒါကို ပြည်သူ့လွှတ်တော်က မြန်မာယဉ်ကျေးမှုနဲ့ ကိုက်ညီသော ကျောင်းဝတ်စုံဆိုပြီးတော့ သူငယ်တန်းပါ ပါနေတဲ့ ရောထွေးတဲ့ သဘောဖြစ်တဲ့အတွက်ကြောင့် ဒီအချက်ကို လည်း ကျွန်တော် ကန့်ကွက်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ဦးခင်မောင်ရီဆွေးနွေးတာ အပိုဒ်(၄)ကို မထည့်ဖို့ပေါ့။

**ဦးခင်မောင်ရီ၊ ရောသတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။မှန်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ရဲ့အတိုင်းပေါ့။ အပိုဒ်(၈)မှာမထည့်ဖို့ပေါ့နော်။

**ဦးခင်မောင်ရီ၊ ရောသတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ဟုတ်ကဲ့ပါ။

**ဦးခင်မောင်ရီ၊ ရောသတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။နောက်တစ်ခုက အပိုဒ်(၁၀)ကလည်းပဲ လူမှုရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် ဆိုတဲ့အပိုဒ်ကို ထည့်ရန်

မလို ဖြစ်ပါတယ်။ အဲဒီအတွက် အမျိုးသားလွှတ်တော်အတိုင်းပဲ ဖြစ်ပါတယ်ခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ဟာကိုပဲ အတည်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ၁၀(က)ကန့်ကွက်တာပေါ့။ ပြည်သူ့လွှတ်တော်အားလုံးကိုကန့်ကွက်တာပေါ့။

**ဦးခင်မောင်ရီ၊ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ဟုတ်ကဲ့ပါ။

**ဥက္ကဋ္ဌ**။ ။ကောင်းပါပြီ။

**ဦးခင်မောင်ရီ၊ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီးရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ် ဆွေးနွေးနိုင်ပါပြီ။

**၂အချိန်၊ ၁၁း၁၈။**

**ဦးဆိုင်ပေါင်းနပ်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦး ဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်အနေနဲ့ အမျိုးသား လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီကိုယ်စားကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာနရဲ့ အဆိုပြုချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် ကွဲလွဲချက်များတွေကို ကျွန်တော်ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၃)ဦးက ကျွန်တော်ရှေ့မှာလည်း ဆွေးနွေးသွားပြီးဖြစ်ပါတယ်။ အဲဒီအထဲမှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားဟာ ခုန အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ ဆွေးနွေးသွားတဲ့ အချက်အတိုင်း ရှင်းရှင်းလင်းလင်း ဆွေးနွေးသွားပြီးဖြစ်တဲ့အတွက်ကြောင့် အမှန်အားဖြင့် ကျွန်တော်အနေနဲ့ ထပ်မံပြီးတော့ အထူးရှင်းလင်းဖို့မရှိပါဘူး။ သို့သော်ငြားလည်း ပဲ ခုန ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကော်မတီ

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦး ဆွေးနွေးသွားတဲ့အချက်မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားအတည်ပြုချက်နဲ့ တချို့နေရာမှာ ကွဲလွဲတဲ့အတွက်ကြောင့် ကျွန်တော်သည် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ လေး စားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော်တို့ ဒီဥပဒေကြမ်း ဆွေးနွေး ဖို့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ ပထမဦးဆုံး ပြည်သူ့လွှတ်တော်ကနေ အမျိုးသားလွှတ်တော်အနေ နဲ့ စတင်ဆွေးနွေးဖို့ လွန်ခဲ့တဲ့ ၁၈-၈-၂၀၁၁ ရက်နေ့ ပေးပို့လာပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ ဒီကိစ္စကို အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးဖို့ ၂၃-၈-၂၀၁၁ ရက်နေ့မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ တင်သွင်းခဲ့ပါတယ်။ အဲဒီမှာ ဆက်လက်ပြီးတော့ တာဝန်ရှိပုဂ္ဂိုလ်များ ဖြစ်ကြတဲ့ ပညာရေးဌာနက ပုဂ္ဂိုလ်တွေကိုလည်း ကျွန်တော်တို့ ၂၅-၈-၂၀၁၁ ရက်နေ့မှာ ဖိတ်ကြားပြီးတော့မှ ကိုယ်ပိုင်ကျောင်းကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ စိစစ်ဆွေးနွေး ညှိနှိုင်းမှု ရယူခဲ့ပါတယ်။ အဲလို ညှိနှိုင်းပြီးတဲ့နောက်ပိုင်းမှာပဲ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကို လွန်ခဲ့တဲ့ ၂-၈-၂၀၁၁ ရက်နေ့မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကို တင်ပြခဲ့တယ်။ တင်ပြတဲ့ ဥစ္စာကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြတဲ့ ဦးစိုးကျော်ဇောသန်းတို့ဦးဖုန်းမြင့်အောင်တို့ ဒေါက်တာမြင့်ကြည်တို့ နောက်ပြီးတော့ ဦးခင်မောင်ရီတို့ကပဲ ဒီကိစ္စကို အကြေအလည်ဆွေးနွေး ခဲ့ပါတယ်။ ဒီဆွေးနွေးတဲ့အပေါ်မှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ဒီကိစ္စကိုပြန်လည်ကြားနာဖို့ တာဝန်ပေးလာတဲ့အချိန်မှာ ကျွန်တော်တို့အမျိုးသားလွှတ်တော် ကော်မတီကနေ ဒီဥစ္စာလေးကို ကျွန်တော်တို့ပြန်လည်ပြီးတော့ ကြားနာတယ် ။ ကြားနာစိစစ် ပြီးတဲ့နောက်ပိုင်းမှာ အမျိုးသားလွှတ်တော်ကို တင်ပြပြီးမှ အမျိုးသားလွှတ်တော်ကနေ လွန်ခဲ့တဲ့ ၇-၉-၂၀၁၁ ရက်နေ့မှာ အတည်ပြုခဲ့ပါတယ်။ အဲလိုအတည်ပြုချက်ရယူပြီးတဲ့နောက်ပိုင်းမှာ ပြည်သူ့လွှတ်တော်ကနေ ဆွေးနွေးဖို့ ၉-၉-၂၀၁၁ ရက်နေ့မှာပေးပို့ခဲ့ပါတယ်။ အဲလိုပေးပို့တဲ့ အချိန်မှာ ပြည် သူ့လွှတ်တော်ဟာ ပြင်ဆင်ချက်နှင့်အတူ အမျိုးသားလွှတ်တော် ကို ပြန်လွှဲ ပြောင်း လာတဲ့အချိန်မှာ ဒီကွဲလွဲချက် များ တွေကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ အဲဒီတော့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် အပေါ်မှာ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို နှိုင်းယှဥ်ကြည့်တဲ့အချိန် မှာ ခုန ကျွန်တော် မူလက တင် ပြသွားတဲ့အတိုင်းပဲ ဦးခင်မောင်ရီ ဆွေးနွေးတဲ့ အချက်အလက်များ ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် (၄)ချက်နဲ့ ထပ်မံဖြည့်စွက်တဲ့ အချက် (၁) ချက်ပါဝင်ပါတယ်။ ပထမဦးဆုံး ပြင်ဆင်ချက် ဒီကိုယ်ပိုင် ကျောင်း မှတ်ပုံတင်ဥပဒေကြမ်း အပိုဒ်

(၄)မှာ လူမှုရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်းဖြစ်စေတယ်လို့ ထည့်သွင်းထားတဲ့ ဥစ္စာကို မူ လကတည်းက အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကိုရယူပြီးမှ ပယ်ဖျက်ခဲ့တဲ့အချက်ပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့ ဒီကိစ္စကို ပယ်ဖျက်ရသလဲဆိုတော့ နံပါတ် (၁)အနေနဲ့ ဒီတိုင်းဒေသကြီးနဲ့ပြည်နယ်မှာ လူ မှုရေးဝန်ကြီးဌာနဆိုတဲ့ ဌာနကမရှိခြင်းဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ဒီအချက်ထဲမှာ တိုင်းဒေသကြီးမှာရှိတဲ့ ဝန်ကြီးချုပ်နဲ့ ပြည်နယ်မှာရှိတဲ့ဝန်ကြီးချုပ် ဒီအမြင့်ဆုံး အာဏာရှိတဲ့ပုဂ္ဂိုလ်ကြီးကို ကျော်လွန်ပြီးမှ လူမှုရေးဝန်ကြီးကို ပေးတယ်ဆိုတဲ့ကိစ္စမှာတော့ သိပ်ပြီးတော့ မသင့်လျော် တဲ့ကိစ္စဖြစ်ပါတယ်လို့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ ဒါသုံးသပ်ပြီးတော့ ဒါအတည်ပြုချက် ရယူခဲ့ခြင်း ဖြစ်ပါတယ်။ ဒီပြည်နယ်တစ်ခုလုံးမှာ အစိုးရအဖွဲ့ အစည်းကို ဦးဆောင်တာက ဒီဝန်ကြီးချုပ်ပဲ ဖြစ်ပါတယ်။ အဲဒီဝန်ကြီးချုပ်ကလည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်အရ ဒီနိုင်ငံတော်သမ္မတကိုလည်းတာဝန်ခံတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အဲဒီအင်မတန်အရေးကြီးတဲ့ ပညာရေးကိစ္စ တစ်ခုကို ဆောင်ရွက်တဲ့နေရာမှာ ဝန်ကြီးချုပ်ကို အသိမပေးဘဲနဲ့ ကျော်လွန်ပြီး ဆောင်ရွက်သွားမယ် ဆိုလို့ရှိရင်တော့ ဒါသိပ်ပြီးတော့ မသင့်လျော်တဲ့ ကိစ္စဖြစ်တယ်။ တာဝန်အရှိဆုံးပုဂ္ဂိုလ်က သိကိုသိရမယ်ဆိုတဲ့ကိစ္စ ဒီအချက်တွေကို ကျွန်တော်တို့က သုံးသပ်ရရှိတဲ့အတွက်ကြောင့် ဒီအချက်ကို ပယ်ဖျက်ခြင်းဖြစ်ပါတယ်လို့ တင်ပြလိုပါတယ်။ ဒုတိယအချက်အနေနဲ့ ကျွန်တော်တို့ ဒီအခန်း(၃)၊ အပိုဒ် (၈) ထဲမှာ မူလဝန်ကြီးဌာ နရဲ့ အဆိုပြုချက်အတိုင်းကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်အနေနဲ့ ပြင်ဆင်ခြင်းမရှိပါဘူးဆိုပြီးမှအတည်ပြုခဲ့တယ်။ ကျွန်တော်တို့ ဒီလိုနောက်ပြည်သူ့လွှတ်တော်အနေနဲ့ ခုန ကိုယ်စားလှယ်တော်ကြီးများ တင်ပြတဲ့အတိုင်းပဲ အလယ်တန်း အဆင့်ရယ် နောက်ပြီးတော့ အလယ်တန်းမှ အထက်တန်းအဆင့်ရယ် စသဖြင့်ဒီလိုခွဲခြားထားတာက ကျွန်တော်တို့ရဲ့သုံးသပ်ချက်အနေနဲ့ဆိုရင်တော့ ကျွန်တော်တို့ ဖွင့် နေတဲ့ ဒီကျောင်းတစ် ကျောင်းဟာ အနည်းဆုံး ပဥ္စမတန်းမှ ဒသမတန်းအထိ ဆိုရင်တော့ လုံလောက် ပါပြီ။ ကျွန်တော်တို့ အဆင့်ဆင့်တွေ ခွဲခြားပြီးတော့ ပြဋ္ဌာန်းမယ်ဆိုလို့ရှိရင် အလယ်တန်း (ပဥ္စမတန်းမှ အဋ္ဌမတန်းအထိ)၊ နဝမတန်းမှ ဒသမတန်းအထိ သင်ကြားနိုင်တဲ့ အနေအထားတွေ ရှိတဲ့အတွက်ကြောင့် ကျောင်းတွေကလည်း အလွန်များပြားပြီးတော့ ဖောင်းပွ တဲ့ အနေအထားပါ။ ရပ်ကွက် တစ်ခုတည်းမှာ ကျောင်းအမျိုးမျိုး ရှိလာတဲ့ အချိန်မှာ မ လိုလားအပ်တဲ့ ပြဿနာများတွေလည်း ပေါ်ပေါက်နိုင်တယ်လို့ ကျွန်တော်တို့ ဥပဒေကြမ်းအဖွဲ့အနေနဲ့ သုံးသပ်ရရှိတဲ့အတွက်ကြောင့် ပြည်သူ့လွှတ်တော်ရဲ့ ဒီအဆိုပြုချက်ကို

ကျွန်တော်တို့အတည်မပြုနိုင်ခြင်းဖြစ်ပါတယ်။ အဲတော့ ဒီရပ်ကွက်တစ်ခုမှာ(၅)တန်းကနေ (၈)တန်းလည်း တစ်ကျော င်း။ နောက်ပြီးတော့ (၉)တန်းကနေ(၁၀)တန်း တစ်ကျောင်း။ အဲဒါ ပုဂ္ဂိုလ်တစ်ယောက် ကိုယ်ပိုင်ကျောင်း ဖြစ်လာတဲ့အချိန်မှာ အခြားပုဂ္ဂိုလ် များလည်း ဖွင့်လှစ်နိုင်တဲ့ အနေအထား ရှိတဲ့အတွက်ကြောင့် ဒီလိုဖောင်းပွမှုများ ဖြစ်လာလို့ ရှိရင် သိပ်မသင့်လျော်တဲ့ အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ ဒီမူလ က အဆိုပြုချက်ကိုပဲ ကျွန်တော်တို့ အတည်ပြုရခြင်းဖြစ်ပါတယ်လို့ တင်ပြလိုပါတယ်။ တတိယအချက်အနေနဲ့ပြည်သူ့လွှတ်တော်က ကျန်းမာရေးနဲ့ ညီညွတ်တဲ့ စားရိပ်သာ စီစဥ်ထားရှိခြင်းဆိုတဲ့ကိစ္စအနေနဲ့တော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကတော့ အထူးမှတ်ချက်ပေးဖို့တော့မရှိဘူး။ ဒီဥစ္စာကို ကျွန်တော်တို့ ထည့်ထားရင်လည်း ဖြစ်တယ်၊ မထည့်ထားရင်လည်းဖြစ်တယ်ဆိုတဲ့ ကိစ္စဖြစ်တဲ့အတွက်ကြောင့် အထူးမှတ်ချက်တော့ ပေးရန် မရှိဘူးဆိုတဲ့အကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်တို့ အပိုဒ် (၁၀)က ပညာရေးဆိုင်ရာကိစ္စနဲ့ ပတ်သက်ပြီးတော့ အပိုဒ် (၁၀)(က)မှာတော့ ကျွန်တော် တို့ အမျိုးသားလွှတ်တော်အနေနဲ့ နဂိုကတည်းက ခုန ဝန်ကြီးဌာနက ပယ်ဖျက်တယ်ဆိုရင် ဒီအချက်ကလည်း မလိုအပ်တော့ဘူးလို့ ကျွန်တော်တို့ သုံးသပ်ရရှိတဲ့ အတွက်ကြောင့် ပယ်ဖျက်ရခြင်း ဖြစ်ပါတယ်လို့ တင်ပြလိုပါတယ်။ နောက်ဆုံးတစ်ချက်ဖြစ်တဲ့ မူလတန်းအဆင့် ဝတ်စားဆင် ယင်မှုတွေနဲ့ ပတ်သက်ပြီးတော့ မြန်မာ့ယဥ်ကျေးမှုအဝတ်အစား ဆိုလာတဲ့အချိန်မှာ ဒီကိုယ်ပိုင်ကျောင်းမှာ ပြဋ္ဌာန်းထားတာကတော့ ပဋ္ဌမတန်းကနေ ကျွန်တော်တို့ အထက်တန်းအထိ ဆိုပေမယ့်လည်းပဲ ခုနကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ ထောက်ခံဆွေးနွေးတဲ့အတိုင်းပဲ ပညာရေးရဲ့ အနာဂတ်ရည်မှန်းချက်အပေါ်မှာ မူတည်ပြီးတော့ မူလကအဆိုပြုထားတဲ့ ဝန်ကြီးဌာနရဲ့ အဆိုပြုချက်ဟာ ဒါမှားယွင်းတဲ့ ထည့်သွင်းထားတဲ့ ကိစ္စမဖြစ်ဖူးလို့ ကျွန်တော်တို့လည်း သုံးသပ်ရရှိပါတယ်။ အဲဒီတော့ အမျိုးသားလွှတ်တော်အနေနဲ့ အဆိုပြုချက်အတိုင်းကို ကျွန်တော်တို့က ပြင်ဆင်ရန်မရှိ အတည်ပြုထားခြင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် အနေနဲ့တော့ ဒီမူလတန်းမှ အပ အခြားအတန်းများကို သူတို့မထည့်ပဲနဲ့ မြန်မာ့ယဥ်ကျေးမှုနဲ့ ကိုက်ညီသောကျောင်းအဝတ်အစားကိုပဲ ဒီအတိုင်းထည့်သွင်းတဲ့ အတွက်ကြောင့် အကယ်၍ နောက်အခါမှာ ဒီကိုယ်ပိုင်ကျောင်းတွေမှာလည်းပဲ မူလတန်းတွေ ပြန်ဖွင့်လာမယ်လို့ဆိုရင် ဒီမူလတန်းအဖွဲ့က မြန်မာ့ယဥ်ကျေးမှု အဝတ်အစားကို ဒီကလေးတွေက မနိုင့်တနိုင်ဝတ်နိုင်မယ့် အနေအထားလည်း မရှိ ဘူး။ မြန်မာ့ယဥ်ကျေးမှု အဝတ်အစား ဆိုလာတဲ့ အချိန်မှာ ကျွန်တော်တို့က တိုက်ပုံတို့၊ ခေါင်းပေါင်းတို့၊ ပုဆိုးတို့ ကလေးသူငယ်တွေဟာ သူ့ရဲ့ပုဆိုး၊

သူ့ရဲ့ ဘောင်းဘီတောင် မနိုင်သေးတဲ့ အခြေအနေမှာရှိတဲ့အတွက်ကြောင့် သူတို့အနေနဲ့လွတ်လွတ်လပ်လပ် အဝတ်အစားကိုပဲ သတ်မှတ်ထားသင့်တဲ့ သဘောထားရှိတဲ့အတွက်ကြောင့်နောင်ပညာရေးရဲ့ ဆက်လက်ဆောင်ရွက်ရမယ့် အနေအထားအပေါ်မှာ ရှိလာခဲ့လို့ရှိရင် မူလတန်းလည်းစာစ်ခါတည်း ကျွန်တော်တို့ ပြဋ္ဌာန်းထားတဲ့ဥပဒေမှာ အကျုံးဝင်သွားအောင် မူလတန်းမှအပ ဆိုတဲ့စကားကိုလည်း ဆက်လက်ပြီးတော့မှ ဥပဒေမှာထည့်သွင်းသင့်တယ်လို့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက မြင်တွေ့ရရှိရတဲ့အတွက်ကြောင့် ဒီလိုထားရှိခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်ကြီးများအားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းရဲ့ သဘောထားနဲ့တစ်ထပ် တည်းဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကို နည်းနည်းလေးပြန်ပြီးတော့ ရှင်းပြချင်ပါတယ်။ အခုဆွေးနွေးတဲ့ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းဟာ အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးပြီးတော့ အတည်ပြုထားတာဖြစ်ပါတယ်။ ဒီလိုစတင်ဆွေးနွေးတဲ့အချိန်မှာ ဆွေးနွေး လိုတဲ့ပုဂ္ဂိုလ်များစာရင်း ပေးပါဆိုတဲ့အခါမှာ စာရင်းပေးကြပါတယ်။ ဆွေးနွေးကြပါတယ်။ ဆွေးနွေးတဲ့အချိန်မှာ မဲခွဲပြီးဆုံးဖြတ်ခြင်းမပြုဘဲနဲ့ ဥပဒေကြမ်း ကော်မတီကနေပြီးတော့ ပြန်လည်ကြားနာပါဆိုပြီးတော့ ဥက္ကဋ္ဌက အဆုံးအဖြတ် ပေးလိုက်ပါတယ်။ အဲဒီလိုဥပဒေကြမ်း ကော်မတီကဆွေးနွေးတဲ့ ပုဂ္ဂိုလ်များနဲ့တွေ့ဆုံ ဆွေးနွေးတယ်။ အကျေ အလည် ဆွေးနွေးပြီးတဲ့အတွက် ထပ်ပြီးတော့ ဆွေးနွေးစရာ မရှိတဲ့အခါမှာ ဒီဥပဒေကြမ်းကို သဘောတူပါသလားလို့ ဥက္ကဋ္ဌက(၃)ခါ မေးပါတယ်။ ဟုတ်ရဲ့လား မသိဘူး။ သဘောမတူတဲ့သူရှိပါသလားလို့လည်း မေးပါတယ်။ ဦး နု ဟုတ်ရဲ့လား မသိဘူး။ သဘောမတူတဲ့သူ မရှိခဲ့ပါဘူး။ ဟုတ်တယ် နော်။ သဘောမတူတဲ့သူ မရှိခဲ့လို့ အမျိုး သားလွှတ်တော်က အတည်ပြုပြီးတော့ ပြည်သူ့လွှတ်တော်ကိုပို့ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နဲ့ ပြန်လာတဲ့ အခါ ကျမှ သဘောမတူဘူး။ မူလတန်းက အမျိုးသားလွှတ်တော်မှာ ဆုံးဖြတ်ချက်ချထားတာ သဘော မတူဘူး ဆိုတဲ့ အဓိ ပ္ပာယ်မျိုး ဦးနု ဆွေးနွေးသွားတာ တွေ့ပါတယ်။ ဟုတ်တယ်နော်။

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ခံစားမှုကို ဥက္ကဋ္ဌကြီးထံ အကြံပြု တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော် အမျိုးသားလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အတိုင်း နာခံဆောင်ရွက်သွားဖို့ရှိပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ အဆုံးအဖြတ်အတိုင်း သဘောတူ ဖို့ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ ဒါမဲခွဲလို့ရတဲ့ကိစ္စပါ။ ဒီအခြေအနေမျိုးမှာ မဲခွဲလို့ရတဲ့ကိစ္စပါ။ သို့သော်လည်း ကျွန်တော်လည်း ဥပဒေ ရေးဆွဲတဲ့ အတွေ့အကြုံ တော်တော် များပါတယ်။ ဥပဒေဆိုသည်မှာပေါ့ တစ်ထိုင်တည်းစဉ်းစားဆုံးဖြတ်ရတာ သိပ်ခက်တယ်။ ဒါကြောင့်မို့လို့ ဆွေးနွေးတယ်။ ပြင်ဆင်ချက်ဆွေးနွေးတယ်။ အတည်ပြုတယ်။ မဲခွဲမယ်။ အတည်ပြုတယ်ဆိုရင် မှားသွားနိုင်တယ်။ ဒါကြောင့်လည်း စိတ်ရှည်ရှည် ထားပြီးတော့ ပြန်လည်ကြားနာပါ။ ပြန်လည်ကြားနာပြီးတော့ လုပ်တာဖြစ်ပါတယ်။ အဲတော့အခုဒီပွဲဝင့်မှာ ဒီအခြေ အနေ ရောက်လာတဲ့အခါမှာ မဲခွဲမလား။ ပြန်လည်ကြားနာမလား။ မူလတုန်းကတော့ ဒါအခွင့်အရေး အပြည့်ပေးထားပြီးပါပြီ။ ပြန်ပြီးတော့ ပြန်လည်ကြားနာချင်သေးတယ်ဆိုရင်လည်း လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒကို လိုက်လျောမှာဖြစ်ပါတယ်။ အဲဒီတော့ ဦးနုပြောပါ။

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ကျွန်တော့်အနေနဲ့တော့ ဒီဥပဒေကြမ်းကော်မတီက ဆွေးနွေးစဉ်တုန်းက ကျွန်တော် အလွန်စိတ်ဝင်စားတဲ့ခေါင်းစဉ် တစ်ခုကို ပါဝင်ဆွေးနွေးခွင့်မရခဲ့တာ ကျွန်တော့်ရဲ့ ပြစ်ချက်ပါ။ ကျွန်တော်အကြံပြုချင်တာကတော့ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာသင့်ပါကြောင်း အကြံပြုအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ကြားနာချင်တယ်ပေါ့။

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ဦးဖုန်းမြင့်အောင် ဆွေးနွေးပါ။ ပြန်လည်ကြားနာပေးရမလား။ မဲခွဲဆုံးဖြတ်ပေးရမလား။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ကြားနာပေးပါ ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကောင်းပါပြီ။ အဲဒီတော့ ဒီလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးရဲ့ ဆန္ဒကို လိုက်လျောတဲ့အနေနဲ့ ဥပဒေကြမ်းကော်မတီက ပြန်လ ည်ကြားနာပေးရန် ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဲဒီတော့ ဒါတွေဟာ ကျေကျေနပ်လည်လည် ဆွေးနွေးထားပြီးတဲ့ အခါမှာ ခိုင်ခိုင်မာမာ ရပ်တည်ဖို့ လိုပါတယ်။ ဘာကြောင့်လဲဆိုရင် လွှတ်တော်နှစ်ရပ် သဘောမတူတဲ့ ဥပဒေ ကြမ်းတွေ ဟာ ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေး ရမှာ ဖြစ်ပါတယ်။ ဒီလိုဆွေး နွေးတဲ့ အချိန်မှာ ကျတော့မှ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ ကိစ္စကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကပဲ ကန့်ကွက်တယ်ဆိုရင် ဆီလျော်ခြင်းရှိ /မရှိ စဉ်းစားဖို့ လိုတယ်။ မိမိတို့ရဲ့ ဆုံးဖြတ်ချက်က ကျေကျေလည်လ ည် အများသဘော တူဖြစ်အောင် ပြန်လည်ကြား နာပြီးတော့မှ ဆုံးဖြတ်ထားတာဖြစ်ပါတယ်။ အချေအတင်အဲဒီမှာ ဆွေးနွေးကြရမှာ ဖြစ်တယ်။ ဆွေးနွေးတဲ့အခါ ကျတော့မှ စိတ်ကယိမ်းယိုင်ပြီးတော့မှ အမျိုးမျိုးဖြစ်လို့ရှိရင် အားလုံးသိက္ခာကျနိုင်တဲ့ အနေအထား ရှိပါတယ်။ ဒါကြောင့် ဥပဒေကြမ်းတစ်ခုကို အတည်ပြုရင် တစ်ပိုဒ်ချင်း၊ ပုဒ်မတစ်ခုချင်း သေသေ ချာချာလေး စဉ်းစားပါ။ ဆွေးနွေးစရာရှိလို့ရှိရင် ကျေကျေလည်လည် ဆွေးနွေးပါ။ ကျွန်တော်တို့ တစ်ထိုင်တည်း မဆုံးဖြတ်တာ မှား သွားမှာစိုးလို့ မဆုံးဖြတ်ဘဲနဲ့ ပြန်လည်ကြားနာပေးတာ ဖြစ်ပါတယ်။ အခုလည်း ပြန်လည်ကြားနာမှာဖြစ်တယ် ။ ဒုတိယအကြိမ် ကြားနာပြီးလို့ရှိရင်တော့ ခုန နှစ်ဖက်သဘော မတူတဲ့ ဥပဒေမျိုး ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးတဲ့အခါမှာ မိမိတို့ရဲ့ ယုံကြည်ချက် အတိုင်းကို ခိုင်ခိုင်မာမာရပ်တည်ကြဖို့ ပြောလိုပါတယ်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအားအမျိုးသားလွှတ်တော်ကဆွေးနွေးစဉ်းစားရန် ရှင်းလင်းခြင်းနှင့်တကွ အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကထောက်ခံခြင်း

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(က)အရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင် သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က အမျိုးသားလွှတ်တော်ကို ရှင်းလင်းချက်နဲ့တကွ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဦးမြင့်နိုင်(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အဖွဲ့ဝင်)** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥ ပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုး သားလွှတ်တော်က စဉ်းစားဆွေးနွေးနိုင်ရန်အတွက် အဆို တင်သွင်းပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ရှင်းလင်းချက်နဲ့ တစ်ခါတည်း တင်ပြပါ။

**ဦးမြင့်နိုင်(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အဖွဲ့ဝင်)။** ။ ကျွန်တော်တို့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေမှာ ပုဒ်မ ၂၇ခု ရှိပါတယ်ခင်ဗျား။ ပု ဒ်မ ၆(ဂ)ရယ်၊ ပုဒ်မ၁၀ (င)ရယ်၊ ပု ဒ်မ ၁၂(က)၊ ပု ဒ်မခွဲငယ်(၁)ရယ်(၃)ခုကို ပြင်ဆင်ဖို့ ဖြစ်ပါတယ်ခင်ဗျား ။ ပု ဒ်မ၆(ဂ) ကတော့ လက်ရှိပြဋ္ဌာန်းချက်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရေးဆိုပြီးတော့ ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ ယခု ပြင်ဆင်မယ့် ပြဋ္ဌာန်းချက် ကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစား လိုက်နာရေး ဆိုပြီး တော့ ပြင်ဆင်ထားပါတယ်။ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုတဲ့ စကားရပ်အစား လေးစား လိုက်နာရေး ဆိုတဲ့စကားရပ်ကို ပြင်ဆင်ထားပါတယ်။ ပြင်ဆင်ရ သည့် အကြောင်းရင်းကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၅(ခ)နဲ့ ညီညွတ်စေရန်အတွက် ရေးသားထား ခြင်း ဖြစ်ပါတယ် ခင်ဗျား။ ဒုတိယ ပုဒ်မ ၁၀(င)ကို ပြင်ဆင်ဖို့အဆိုပြုပါတယ်။ ပုဒ်မ ၁၀(င)ရဲ့ လက်ရှိ ပြဋ္ဌာန်းချက် ကတော့ ထောင်ဒဏ်ကျခံနေရသူ မဟုတ်ခြင်းဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ အခု ပြင်ဆင်မှာ ကတော့ဖြင့် အဲဒီ ပုဒ်မ ၁၀(င)ကို ပယ်ဖျက်ပေးရန်အတွက် ဖြစ်ပါတယ်။ အကြောင်းပြချက်ကတော့ နိုင်ငံတော်ရဲ့ လက်ရှိအခြေအနေအရ နိုင်ငံသားအခွင့်အရေးကို အလေးထားသောအားဖြင့် ယင်းပြဋ္ဌာန်းချက်အား ပယ်ဖျက်ရခြင်း ဖြစ်ပါတယ်ခင်ဗျား ။ တတိယအချက်က ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ခွဲငယ်(၁) ဖြစ်ပါတယ်။ လက်ရှိပြဋ္ဌာန်းချက်ကတော့အထွေထွေ ရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၊ အမျိုးသား လွှတ်တော် မဲဆန္ဒနယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ အနက် အနည်းဆုံးမဲဆန္ဒနယ်(၃)နယ်တွင် မိမိတို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်ခြင်းဆိုပြီးတော့ ပြဋ္ဌာန်းထား ပါတယ်ခင်ဗျား။ အခု ပြင်ဆင်ဖြည့်စွက်လိုတာ ကတော့ အဲဒီအပိုဒ်ရဲ့ မူလဖြစ်တဲ့ အဲဒီအပိုဒ်ရဲ့

အောက်မှာ ရှင်းလင်းချက်အနေနဲ့ လွှတ်တော် တစ်ရပ်စီအတွက် အထွေထွေ ရွေးကောက်ပွဲ ကျင်းပပြီးသည့်နောက်ပိုင်းတွင် မှတ်ပုံတင်ခွင့် ရရှိသောပါတီသည် ယင်းလွှတ်တော်သက်တမ်း အတွင်း ကျင်းပပြုလုပ်သော ကြားဖြတ် ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်လျှင် ဖြစ်စေ၊ မဲဆန္ဒနယ်(၃)နယ်ထက်မနည်း ကျင်းပပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲများ၌ အနည်းဆုံး မဲဆန္ဒနယ်(၃)နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်လျှင် ဖြစ်စေ ယင်းသို့ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုခြင်းသည် ဤပြဋ္ဌာန်းချက်နဲ့ အကျုံးဝင်စေရမည်။ ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်လျှင်ဖြစ်စေ၊ ယင်းသို့ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုခြင်းသည် ဤပြဋ္ဌာန်းချက်နှင့် အကျုံးဝင်စေရမည်ဆိုပြီးတော့ ရှင်းလင်း ချက်တစ်ရပ်အနေနဲ့ ဖြည့်စွက်ပေးနိုင်ရန် အဆိုပြုထားခြင်း ဖြစ်ပါတယ်ခင်ဗျား။ အကြောင်းပြချက်ကတော့ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီး သည့်နောက်တွင်မှ မှတ် ပုံတင်ခွင့် ရရှိတဲ့ ပါတီများသည် ယင်းလွှတ်တော် သက်တမ်းအတွင်း ကြား ဖြတ်ရွေးကောက်ပွဲများတွင် အနည်းဆုံး မဲဆန္ဒနယ်(၃)နယ် ဝင်ရောက် ယှဉ်ပြိုင်မှုသာ အခြား ရွေးကောက်ပွဲ ဝင်ပြီးသည့် ပါတီများနှင့် တန်းတူ သတ်မှတ်နိုင်ပါမည်။ ထို့ကြောင့် အထွေထွေရွေးကောက်ပွဲကာလနောက်ပိုင်း ပေါ်ပေါက်လာသည့် ပါတီသစ်များ အတွက် မျှတမှုရှိစေရေးအတွက် ထပ်မံဖြည့်စွက်ရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ**။ ။ ယခု ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က တင်သွင်း သွားတဲ့ အဆိုမှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်က ဆွေးနွေး စဉ်းစားရန်ဖြစ်ပါတယ်။ ဒီအဆိုကိုလွှတ်တော်ကိုယ်စားလှ ယ်တစ်ဦးက ထောက်ခံဖို့လိုအပ်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)** ။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်းဖြစ်ပါတယ်။ အခု အဆိုတင်သွင်း သွားတဲ့ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်တွင်စဉ်းစားဆွေးနွေးရန်အဆိုကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒါကြောင့် ဒီဥပဒေကြမ်းကို လွှတ်တော်တွင် စဉ်းစားဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းခြင်း

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ ဒီဥပဒေကြမ်း လွှတ်တော်ကို ရောက်ရှိလာတဲ့အခါမှာ ဒီဥပဒေကြမ်းဟာ နိုင်ငံရေးပါတီများအတွက် အရေးကြီးတယ်လို့ယူဆတယ်။ နောက်တစ်ကြောင်းကလည်းပြင်ဆင်တဲ့ အချက်အလက်တွေက နည်းပါးတဲ့အတွက်ဒါရောက်ရောက်ခြင်းပဲဥပဒေကြမ်းကော်မတီကို လွှဲပြောင်း ပေးထားခဲ့ပါတယ်။ ဒါ့ကြောင့်မို့လို့ ယခု နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် က ဆွေးနွေး စဉ်းစားရန် ဥပဒေကြမ်း ကော်မတီဝင် ဦးဆွန်ဒုတ်ကျင့် က ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းရန်ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဦးဆွန်ဒုတ်ကျင့်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးဆွန်ဒုတ်ကျင့် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) အပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီ ကိုယ်စား ကျွန်တော်မှ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်၊ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)အပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာ-ရက်စွဲ(၂၀၁၁ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့) နိဒါန်း - အပိုဒ်(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ (၂၀၁၁ခုနှစ် အောက်တိုဘာလ ၃ ရက် နေ့ စွဲပါ

စာအမှတ် - ၃၈/စမ- စည်း(၂)/ကမရ)ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပေး ပို့လာသည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြ င်ဆင်သည့်ဥပဒေ(မူကြမ်း)အား ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လက်ခံရရှိပြီး ဤဥပဒေ ကြမ်း ကော်မတီက ချက်ချင်း လေ့လာစိစစ်ခဲ့ပါတယ်။ လေ့လာတွေ့ရှိချက်-အပိုဒ်(၂) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အား လေ့လာစိစစ်ရာမှာ (က) ယင်းဥပဒေ မူကြမ်း ပုဒ်မ ၂ တွင် ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)၌ မူလပြဋ္ဌာန်းထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဤအပိုဒ်၏ နောက်တွင်ပါရှိသည့် ထိန်းသိမ်း စောင့်ရှောက်ရေးဟူသည့် စကားရပ်အား လေးစားလိုက်နာရေးဟူသော စကားရပ်နှင့် အစားထိုး ပြင်ဆင်ထားခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၅၊ အပိုဒ်ခွဲ(ခ)တွင် ဤဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် တည်ဆဲ ဥပဒေများကို လေးစားလိုက်နာရမည်ဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့အညီ ပြင်ဆင် ရေးသားထားခြင်း ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ (ခ) ဤဥပဒေမူကြမ်း ပုဒ်မ (၃)တွင် မူလ ပုဒ်မ-၁၀၊ ပုဒ်မခွဲ(င)တွင် (င)ကို ပယ်ဖျက်ပြီး ပုဒ်မခွဲ(စ)မှ (ဈ)အထိအား ပုဒ်မခွဲ(င)မှ(ဈ) အထိ ပြောင်းလဲ သတ်မှတ်ကြောင်း ဖော်ပြထားရာ မူလပထမ ၁၀(င)မှာ ထောင်ဒဏ်ကျခံနေရသူ မဟုတ်ခြင်းဟူသည့် ပြဋ္ဌာန်းချက်ကို လက်ရှိနိုင်ငံတော်ရဲ့ လက်ရှိ အနေအထားအရ နိုင်ငံသားများ အခွင့်အရေးကို အလေးထားသောအားဖြင့် ပယ်ဖျက်ခြင်း ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိနိုင်ငံရဲ့အနေအထားအရ ထောင်ဒဏ် ကျခံနေရတဲ့သူများ မဟုတ်ခြင်းဆိုတဲ့ ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ခြင်းဟာ မှန်ကန်ကြောင်းစိစစ် တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဥပဒေကြမ်း အပိုဒ် ပုဒ်မ ၄ တွင် မူလဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁) အောက် တွင် ရှင်းလင်းချက်အဖြစ် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက်တွင်မှ မှတ်ပုံတင်ခွင့် ရရှိသည့် ပါတီများသည် ယင်းလွှတ်တော်သက်တမ်း အတွင်း ကြားဖြတ်ရွေးကောက်ပွဲများတွင် အနည်းဆုံး မဲဆန္ဒနယ်(၃) နယ်တွင် ဝင်ရောက် ယှဉ်ပြိုင်မှသာ အခြားရွေးကောက်ပွဲဝင်ပြီးသည့် ပါတီများနှင့် တန်းတူ သတ်မှတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအနည်းဆုံးမဲဆန္ဒနယ်(၃)နယ် ဝင်ရောက် ယှဉ်ပြိုင်ခြင်း မပြုပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အကျုံးဝင်စေမည်လို့ ပြဋ္ဌာန်း ထားပါတယ်။ ဒါကြောင့်မို့လို့ အထွေထွေ ရွေးကောက်ပွဲ ကျင်းပပြီးတဲ့ နောက်ပိုင်းမှာ ပါတီသစ် အနေနဲ့ မှတ်ပုံတင်ခွင့် ရရှိသည့် နိုင်ငံရေး ပါတီများ အနေနဲ့ အနည်းဆုံး မဲဆန္ဒနယ် (၃)နယ်ကို ဝင်ရောက်ယှဉ်ပြိုင်ရမှာ ဖြစ်ပါမယ်။ အထွေထွေရွေးကောက်ပွဲ ကာလနောက်ပိုင်း ပေါ်လာသည့် ပါတီသစ်များအတွက် မျှတမှု ရှိစေရန်အတွက် ထပ်မံဖြည့်စွက် ပြဋ္ဌာန်းထားခြင်း ဖြစ်ကြောင်း

လည်း စိစစ်တွေ့ရှိရပါတယ်၊ ဥက္ကဋ္ဌကြီးခင်ဗျား၊ အဲဒါကြောင့်မို့လို့ ကော်မတီ၏ သဘောထား မှတ်ချက် အနေနဲ့ တင်ပြရမယ်ဆိုရင် အပိုဒ် (၃) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်တဲ့ဥပဒေ (မူကြမ်း)ပါ ပြင်ဆင်ဖြည့်စွက် ပယ်ဖျက်ချက်များမှာ လျော်ကန်သင့်မြတ်မှု ရှိပါသဖြင့် အမျိုးသားလွှတ်တော်အနေဖြင့် ဆွေးနွေးဆုံးဖြတ် နိုင်ပါရန် ဥပဒေကြမ်း ကော်မတီ ကိုယ်စား တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

အချိန်၊ ၁၁း၄၉။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းဟာ အရေးကြီးပါတယ်။ ဒါ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ကိုက်ညီမှုရှိ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေနဲ့ကိုက်ညီခြင်း ရှိ/မရှိ။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေ ၊ အမျိုးသား လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ၊ နည်းဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတွေနဲ့ တိုက်ဆိုင်စစ်ဆေးစဉ်းစားကြရ မှာဖြစ်ပါတယ်၊ အဲဒီတော့ ဆွေးနွေးမယ့် ကိုယ်စားလှယ် များဟာ ဆွေးနွေးမယ့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီးတော့ အောက်တိုဘာလ ၁၀ ရက် (တနင်္လာနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင် ပါတယ်။

ယခု အစည်းအဝေး ခေတ္တရပ်နားပါမယ်။ ၁၃း၀၀ နာရီတိတိမှာ ပြန်လည်ကျင်း ပမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား

**အခမ်းအနားမှူး** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၂း၅၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၀၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်နေရာ၌ထိုင်ပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက်အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ လယ်လုပ်ပိုင်ခွင့်များ ဆုံးရှုံးခြင်းမရှိစေရန်ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်က လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုး တိုးတက်ရေးအတွက် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရာတွင် တောင်သူလယ် သမားများ လယ်လုပ်ပိုင်ခွင့်များဆုံးရှုံးခြင်းမရှိစေရန် ထိန်းသိ မ်းကြပ်မတ် ဆောင်ရွက်ပေးရန် နှင့်စပ်လျဥ်းတဲ့ အဆိုတစ်ရပ်တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဦးဆွေအောင်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၀။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ် (၁၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်

ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ လယ်လုပ်ပိုင်ခွင့်များ ဆုံးရှုံးခြင်း မရှိစေရန် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပေးရေးအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အား ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် မေတ္တာရပ်ခံအပ် ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဆက်စပ်နယ်မြေတွင် လယ်သမားများ သည် လက်ငုတ်လယ်မြေများတွင် ဘိုးဘွားစဉ်ဆက် လယ်ယာလုပ်ကိုင်နေထိုင်ခဲ့ရာမှ နိုင်ငံတော်မှ ၁၉၉၈ ခုနှစ်တွင် (လ/န-၃၉)ထုတ်ပြန်ကြေညာခဲ့သော်လည်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုသေး သဖြင့် လယ်သမားများမှာ မိမိတို့၏ လက်ငုတ်လယ်များကို ဆက်လက်လုပ်ကိုင်ခဲ့ ကြပါသည်။ ၂၀၀၈ ခုနှစ်တွင် အဆိုပါလယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍနှင့် လယ်သမားတို့၏ဘဝ ဖွံ့ဖြိုးတိုးတက် လာစေရန် ရည်ရွယ်ချက်ဖြင့် ကုမ္ပဏီများနှင့်လယ်သမားများကို အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို လမ်းညွှန်မှာကြားခဲ့ပါသည်။ မူလအစီအမံမှာ လယ်သမားများမှ မူလ လယ်မြေကို ဆက်လက် လုပ်ကိုင်ပြီး ကုမ္ပဏီများမှ သွင်းအားစုစိုက်သည့် စိုက်ထည့်ကူညီ၍ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု အတွက် အထွက်တိုးအောင်ဆောင်ရွက်ပြီး ရရှိလာသည့်အကျိုး အမြတ်ကို လယ်သမားနှင့် ကုမ္ပဏီက မျှဝေခံစားရန် ဖြစ်ပါသည်။ လယ်သမားများ၏ မိရိုးဖလာစိုက်ပျိုး သော နေရာတွင် ငွေကြေးအရင်းအနှီး လိုအပ်မှုကြောင့် ဓာတ်မြေသြဇာများ လုံလုံ လောက်လောက် အသုံးမပြုနိုင် ခြင်း၊ ခေတ်မီစက်ကိရိယာများနှင့် စို က်ပျိုးထုတ်လုပ်နိုင်မှုမရှိခြင်းတို့ကြောင့် သီးနှံအထွက်တိုး အားနည်းလာလျက် ရှိသည်ကို နို င်ငံတော်အစိုးရမှ သိရှိသဖြင့် (၁)ဧက အထွက်နှုန်းတိုးစေရေး အတွက် စက်မှုလယ်ယာစနစ်သို့ကူးပြောင်းပြီး အထွက်တိုးစေ သော စိုက်ပျိုး ရေးနည်းစနစ် အသုံးပြု၍ အထွက်တိုးမျိုးများ အသုံးပြုလာနိုင်စေရန်အတွက် ငွေကြေး အင်အားတောင့်တင်း သော ကုမ္ပဏီကြီး များက သွင်းအားစုအရပ်ရပ် ဖြည့်ဆည်းရန်နှင့် လုပ်အား နှင့် ကျွမ်းကျင်မှုကို တောင်သူလယ်သမားများက ဖြည့်ဆည်းရန် ဖြစ်ပါသည်။ အကျိုး အမြတ်ကို အရင်း စိုက်သူနှင့် တောင်သူလယ်သမားတို့ခွဲဝေယူကြရန်ဖြစ်ပါသည်။ လက်တွေ့အကျိုးတူလုပ်ငန်း ဆောင်ရွက်ရာ တွင် ကုမ္ပဏီများနှင့် တောင်သူလယ်သမားတို့ နှစ်ဖက်သဘောတူညီနိုင်း ဆောင်ရွက်သည့် စာချုပ် ချုပ်ဆိုမှုမရှိခြင်း၊ အကျိုးတူ ဆောင်ရွက်သည့်လုပ်ငန်းအပေါ်တွင်လည်း အသေးစိတ် စည်းကမ်းချက်များ တရားဝင်စာဖြင့် ရေးသားသတ်မှတ်ပေးမှု မရှိခြင်းတို့ကြောင့် လယ်သမားနှင့်

ကုမ္ပဏီများ အကျိုး တူ ပူးပေါင်းဆောင်ရွက်မှု အဆင်ပြေချောမွေ့ခြင်း မရှိကြောင်းတွေ့ရှိပါသည်။ အကျိုးတူဆောင်ရွက်ရမည့် လယ်သမား(၅၈၄)ဦးအနက် (၉၇)ဦးသာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး(၄၈၇)ဦးမှာ မူလလယ်ယာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်မရကြောင်း လယ်သမားများ၏ တင်ပြစာများအရ သိရှိ ရပါသည်။ ကုမ္ပဏီများအနေဖြင့် လယ်ယာမြေထဲရှိ လယ်သမားများ၏ လယ်တဲများကို ပြောင်းရွှေ့ စရိတ်ပေး၍ ဖယ်ရှားပြီး မြေပြင်တွင် အလံတိုင်စိုက်ထူ၍ နယ်မြေသတ်မှတ်ခြင်း၊ တစ်ဧကလျှင် ၃၅၀၀ဝိ/ နှုန်း၊ အချို့ကုမ္ပဏီများက တစ်ဧကလျှင် ၄၀၀၀ဝိ/ နှုန်း၊ အချို့ကုမ္ပဏီများက တစ်ဧက လျှင် ၅၀၀၀ဝိ/ နှုန်း လျော်ကြေးသဘောမျိုးပေးချေပြီး လက်ငုတ်လယ်သမားများ ဆက်သွယ်ခြင်း၊အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းများ မရှိသဖြင့် လယ်သမားအများစုမှာ လယ်လုပ်ကိုင်ခွင့် မရ တော့ဘဲ အလုပ်လက်မဲ့ဘဝသို့ ရောက်သွားကြပ ါသည်။ အချို့လယ်သမားများသည် မိမိ လယ်အား ဆက်လက်စိုက်ပျိုးခွင့်ရသော်လည်း လယ်သမားမှ ကုမ္ပဏီသို့ တစ်ရာသီအတွက် စပါး (၆)တင်းမှ (၁၀)တင်းအထိ ပေးနေရကြောင်း သိရှိရပါသည်။ အချို့ကုမ္ပဏီများသည် တစ်ရာသီသာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ပြီး ဆက်လက်အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း မရှိသည်ကို တွေ့ရပါသည်။အထက်ပါ ကုမ္ပဏီများမှ လ ယ်သမားများကို လယ်ရှင်ဟု သတ်မှတ် ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် လယ်လုပ်ခွင့်ဆုံးရှုံးနေသော လယ်သမားများမှာ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့တို့မှ လယ်သမား စုစုပေါင်း (၅၈၄)ဦးနှင့် လက်လွတ် ခဲ့ရသည့် လယ်ယာမြေ (၆၀၈၅.၁)ဧက ဖြစ်ကြောင်း တင်ပြစာများအရ သိရပါသည်။ အဆိုပါ လ ယ်သမားများအား လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့် ဥပဒေနှင့်အညီ မိမိတို့၏လက်ငုတ် လယ်များကို ပြန်လည်လုပ်ကိုင်မည်ဆိုပါက လုပ်ကိုင်ခွင့်ပေးသင့်ပါသည်။ သို့တည်းမဟုတ် မူလ အစီအမံအတိုင်း ကုမ္ပဏီများနှင့် ဆက်စပ် အကျိုးတူ ဆောင်ရွက်စေမည်ဆိုပါက နှစ်ဦးနှစ်ဖက် သဘောတူညီပြီး ကတိစာချုပ်များချုပ်ဆို၍ တာဝန်ရှိသူများမှ ထိုစာချုပ်များအတိုင်း နှစ်ဦးနှစ်ဖက် လိုက်နာရန်အတွက် မျက်ခြေမပြတ် ကြပ်မတ်နေသင့်ကြောင်းအဆိုကို တင်သွင်းအပ်ပါသည် ခင်ဗျား။ ကျေးဇူးတင်ပါသည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်တယ်။

**အချိန်၊ ၁၃း၀၅။**

**ဦးညာဏ်လင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသောအမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် ၏ လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုး တိုးတက်ရေးအတွက် အကျိုးတူ ပူးပေါင်း ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ လယ်လုပ်သူများကို ဆုံးရှုံးမှုမရှိစေရန် ထိန်းသိမ်း ကြပ်မတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးညာဏ်လင်း မှ ထောက်ခံအပ်ပါသည်ခင်ဗျား။

**အချိန်၊ ၁၃း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဆွေအောင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုး တိုးတက်ရေးအတွက် အကျိုးတူ ပူးပေါင်း ဆောင် ရွက်ရာတွင် တောင်သူလယ်သမားများ လယ်လုပ်ပိုင်ခွင့်များ ဆုံးရှုံးခြင်းမရှိစေရန် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

အဆိုကိုလက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးဆွေအောင် ရဲ့အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ၊** ။ ဦးဆွေအောင် တင်သွင်းထဲ့အဆိုကိုဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာနဆိုင်ရာယှဉ်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

# ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)က မြရိပ်ညိုပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဖောင်ဒေးရှင်း ထူထောင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ အစီရင်ခံစာ တင်ပြခြင်း

**အချိန်၊ ၁၃း၀၇။**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြရိပ်ညိုပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဖောင်ဒေးရှင်း ထူထောင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာခင်ရွှေက လွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၇။**

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒေါက်တာခင်ရွှေ ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ မြရိပ်ညို ပညာရေး၊ကျန်းမာရေးနှင့်ယဉ်ကျေးမှုဖောင်ဒေးရှင်းကိစ္စနဲ့ ပတ်သက်ပြီးတော့ တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မျှဝေခံစားနိုင်ဖို့အတွက် ကျွန်တော် တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ် ဖြစ်လာတာကလည်း ကျွန်တော့်အနေနဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၄ ရက်နေ့မှာ ပညာရေးဝန်ထမ်းများဘဝ မြှင့်တင်ရေးအတွက် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ရဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး ကနေပြီးတော့ အမျှော်အမြင်ကြီးမားစွာနဲ့ ဆုံးဖြတ်လိုက်တဲ့အတွက် ကြောင့်မို့ ဂုဏ်ပြုကျေးနပ် စွာနဲ့ နောက်တစ်ခုက ဆုံးဖြတ်ပြီးတော့ တိုက်တွန်းလိုက်တာကလည်း ကျွန်တော့်အနေနဲ့ နိုင်ငံ တော်မှာ ခုနတုန်းက အကန့်အသတ်တွေ ရှိတဲ့အတွက်ကြောင့် ကျွန်တော့် အနေနဲ့ ပညာရေး ဖောင်ဒေးရှင်းတစ်ခု ဖွဲ့ ပေးဖို့အတွက် တိုက်တွန်းတာဝန်ပေးခဲ့ပါတယ်။ အဲဒါကိုလည်း ဥက္ကဋ္ဌကြီးရဲ့ အမျှော်အမြင်ကြီးမားမှုကို ကျွန်တော်လေးစား ဂုဏ်ပြု တဲ့အနေနဲ့ ချက်ချင်းမှာပဲ ကျွန်တော့်အနေနဲ့ လက်ခံကြောင်း ပထမဦးဆုံး ထည့်ဝင်ငွေ ကျပ်သိန်းတစ်သောင်း ထည့်ပြီးတော့ ဖောင်ဒေးရှင်း လုပ်မယ့်အကြောင်း ကျွန်တော် ဥက္ကဋ္ဌကြီးကို တင်ပြတဲ့အချိန်မှာ ဥက္ကဋ္ဌကြီးက သဘော တူတဲ့အတွက်ကြောင့် ဖောင်ဒေးရှင်း အတွက်ကို ကျွန်တော် စပြီးတော့ပြင်ဆင်ခြင်း ဖြစ်ပါတယ်။ ပြင်ဆင်တဲ့အပေါ်မှာလည်း ကျွန်တော်တို့ ညီအ စ်ကို

မောင်နှမများဖြစ်တဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက တက်ရောက်လာတဲ့ ကျွန်တော်တို့ ကိုယ်စားလှယ် အသီးသီးကနေပြီးတော့ ပညာရေးနဲ့ပတ် သက်လို့၊ ကျန်းမာရေးနဲ့ ပတ်သက်လို့၊ ယဉ်ကျေးမှုနဲ့ ပတ်သက်လို့ ခံစားနိုင်ဖို့ အတွက်ကို ကျွန်တော်တင်ပြသွားမှာ ဖြစ်ပါ တယ်။ အဓိကအားဖြင့် ကျွန်တော် ဒီ Logo ကတော့ ကျွန်တော်တို့ မြရိပ်ညိုလို့ သုံးတဲ့ အဓိက အကြောင်းအရာကတော့ ဒီ မြရိပ်ညိုဆိုတာကတော့ အေးမြတဲ့အတိတ်နိမိတ်ကို ဆောင်ပါတယ်။ အဓိက Logo မှာလည်း အရွက်တွေ ဖူးပွင့်ပြီးတော့ အောက်က လူနှစ်ယောက် ထမ်းတဲ့ပုံပါ။ နောက် Slogan အနေနဲ့လည်း ကျွန်တော့်အနေနဲ့ဟာ All Human Have Equal Value "လူသားဟူသမျှ တူညီတန်ဖိုးရှိစွ"ဆိုတဲ့ Slogan ကိုလည်း ကျွန်တော်သုံးပါတယ်။ နောက်တစ်ခါ ကျွန်တော့် အနေနဲ့လည်း အဓိကအားဖြင့် ပညာလုပ်ငန်းရဲ့ တာဝန်ကတော့ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုတွေ ကူညီသွားဖို့ ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့အနေနဲ့ဟာ ဒီဖောင်ဒေးရှင်းအတွက်ကို အဓိကအားဖြင့် လူမှုအကျိုးပြုတဲ့ အဖွဲ့ တစ်ခု အနေနဲ့ မိမိ အကျိုးစီးပွားအတွက် မဟုတ်ဘဲနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဖောင်ဒေးရှင်းကို မူလပထမ ကျပ်သိန်းတစ်သောင်း မတည်ပြီးတော့ ကျန်တဲ့စိတ်ဝင်စားတဲ့ ကျွန်တော့် လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အလှူထည့်ဝင်လို့လည်း ရပါတယ်။ နောက် ဒီပေါ်မှာလည်း ခံစားလို့လည်း ရပါတယ်။ နောက် သာမန်အားဖြင့် ဖောင် ဒေးရှင်းဆိုပြီးတော့ သိန်းတစ်သောင်း ကို ထည့်ပြီးတော့မှ တစ်နှစ်ပေါ်မှာ ရရှိလာတဲ့ အမြတ် တစ်ထောင်နှစ်ရာ့ ဆွဲသုံးတဲ့စနစ် မဟုတ်ဘဲနဲ့ ဒီ သိန်းတစ်သောင်းလည်း သုံးမှာပါ။ တကယ်လို့ ကုန်သွားရင်လည်း ထပ်ပြီး တော့ နောက် တစ်သောင်း၊ တစ်သောင်း ထပ်ထည့်ဖို့ အစီအစဉ်လည်း ကျွန်တော့်မှာ ရှိပါတယ်။ တစ်ဖက်က ကျွန်တော့်ရဲ့ မိတ်ဆွေများ၊ စီးပွားရေး သမားများကိုလည်း ကျွန်တော်နဲ့ အတူတူ ပါလာအောင် တစ်ဖက်က ဆွဲဆောင်ရင်းနဲ့မှ တစ်ဖက်က ကျွန်တော် ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။ ဒီဖောင်ဒေးရှင်းက ကျွန်တော်တို့ အမျိုး သားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ တိုက်တွန်းချက် ကြောင့် ဖြစ်တဲ့ အတွက်ကြောင့်ကို ကျွန်တော့်ရဲ့ နာယကအနေနဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ကို ကျွန်တော့်အနေနဲ့ နာယကအနေနဲ့ တ င်မြှောက် ခွင့်ပြုပါ။ တည်ထောင်သူအနေနဲ့ ကျွန်တော်တည်ထောင်ပြီးတော့ တွဲဖက်တည် ထောင်သူ အနေနဲ့တော့ ကျွန်တော့်သား ဇေသီဟ နဲ့ ကျွန်တော့်ရဲ့သားမက် တိုးနိုင်မန်း ကို ကျွန်တော်ထားခြင်း ဖြစ်ပါတယ်။ အဓိကအနေနဲ့ ပညာရေးကဏ္ဍမှာဆိုလို့ရှိရင်လည်း အခြေခံပညာရေး၊ အသက်မွေး

ဝမ်းကျောင်းလုပ်တဲ့ ညကျောင်းတွေ ဖွင့်ဖို့တို့၊ နောက် ဆရာ/ဆရာမတွေရဲ့ ဘဝမြှ င့်တင်ရေး အတွက် စီရင်ဆောင်ရွက် ဖို့၊ နောက် ထူးချွန်တဲ့ ကျောင်းသားများကို ပညာ သင် စရိတ်တွေ ထောက်ပံ့ပေးဖို့ ပြည်တွင်း /ပြည်ပ အကုန်ပါပါတယ်။ နောက်ပြီး ရင် နိုင်ငံတော်ရဲ့ အကျိုးပြု လုပ်ငန်းများကို ပါဝင်လုပ်ပေးဖို့ ကဏ္ဍတွေ အများကြီးပါပါတယ်။ ထို နည်းလည်းကောင်းပဲ ကျွန်တော်တို့ကဏ္ဍအသီးသီးမှာ ကျွ န်တော်တို့ စာရင်းဇယားတွေကအစ အခု ကောက်ခံတာတို့၊ ကျွန်တော်တို့ ဒီဆွေးနွေးပွဲတွေ လုပ်ဖို့တို့ အဲဒီကနေ ဖော်ထုတ်ပြီးတော့မှ ကျွန်တော်တို့ ကျန်းမာရေးကဏ္ဍဆိုလည်း ကိုယ်ဝန် ဆောင်မိခင်၊ ကလေးတွေ ပညာပေးဖို့ ၊ မီးဖွားတဲ့စရိတ်တွေ ထောက်ပံ့ဖို့ နောက်အခမဲ့မီးဖွားပေးဖို့တို့၊ နယ်လှည့်ကျန်း မာရေးအဖွဲ့တွေ စေလွှတ်ဖို့တို့ အရေးပေါ် သွေးလှူတဲ့ လူတွေအစ ကျွန်တော်တို့ သွေးတွေထောက်ပံ့ဖို့၊ ငွေပဒေသာပင် စိုက်ထူသွားဖို့၊ တချို့အခုဆိုရင် တချို့ လေးတွေမှာ ခုန ဆရာဝန်၊ ခုန တင်ပြလာတဲ့ ခုနတုန်းက ကိုယ်စားလှယ်တွေနဲ့ ကျန်းမာရေး ဝန်ကြီးဌာနကို တင်ပြလာသူတွေ ရှိပါတယ် ။ Nurses ခန့်ဖို့ကအစ တစ်ဖက်မှာ နိုင်ငံတော်က အကန့်အသတ် ဖြစ်တဲ့အခါကျတော့ Nursesတွေ၊ သားဖွားဆရာမတွေကအစ ခန့်ဖို့အခက်အခဲ ရှိပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်ဖောင်ဒေးရှ င်း အနေနဲ့ အလွယ်တကူ ခန့်ပေးလို့ရ တဲ့ အနေ အထားမျိုးကို လည်းကျွန်တော် ဒါတင်ပြခြင်းပါပဲ။ ကျောင်းတွေနဲ့ ပတ်သက်လို့လည်း မိဘမဲ့ကလေးများ၊ ဆင်းရဲနွမ်းပါးတဲ့ကလေးများကို ပညာရေး အတွက် ပညာသင်ဆုတွေ ထောက်ပံ့ဖို့ နောက်သူတို့ရဲ့ ကျန်းမာရေးနဲ့ပတ်သက်လို့ အထွေထွေ စောင့်ရှောက်ဖို့ နောက်မိဘမဲ့ကလေး၊ ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေရဲ့စိတ်ဓာတ်၊ ကျန်း မာရေး အတွက် ထောက်ပံ့တဲ့ အစီအစဉ်တွေကို ရေးဆွဲပြီးတော့ ကျွန် တော်တို့ ပြုစုပျိုးထောင်ဖို့ အစရှိ သဖြင့်ပေါ့လေ။ အဲဒါတွေနဲ့ ကျွန်တော်လုပ်သွားဖို့ အခြေအနေရှိပါတယ်။ နောက်တော့ ကျွန်တော်တို့ ကုန်ထုတ်နိုင်ဖို့အတွက် ရယ်၊ နောက် လူ့အရင်းအမြစ်ကဏ္ဍတွေလည်း ကျွန်တော် ဖြည်းဖြည်းချင်းဖော်သွားဖို့ ကဏ္ဍတွေကအစ အားလုံး ကျွန်တော်အသေးစိတ်ကို ကျွန်တော် ဆွဲပြီးတော့ ဥက္ကဋ္ဌဆီကို တင်ပြရခြင်းဖြစ်ပါတယ်။ အဓိကအနေနဲ့ ကျွန်တော်အနေနဲ့ တင်ပြလိုတာ ကတော့ ဒီဖောင်ဒေးရှင်းကြီး အဓိကထူထောင်တာကတော့ ကျွန်တော်အနေနဲ့ သာမန်အားဖြင့် ဆိုရင်တော့ ဘေးကနေပြောနေကြပါတယ်။ ဒါတစ်ခုလိုလို့ တစ်ခုလုပ်တယ်ဆိုပြီးတော့ ဒါကြောင့် ကျွန်တော်အနေနဲ့တင်ပြရရင် ကျွန်တော့် ဘဝ နဂိုတုန်းက အဓိကအားဖြင့် အမေ့ကိုလုပ်ကျွေးတဲ့ ဘဝနဲ့ စလာခဲ့ ပါတယ်။ အဲဒီကနေ ကျွန်တော် ၁၉၇၀ ခုနှစ်လောက်မှာ ကျွန်တော် GE မှာ GE

ဆိုတာတောင်မှ လွယ်တဲ့နေရာ မဟုတ်ပါဘူး။ ဖာပွန်၊ ကမမောင်း၊ လှိုင်းဘွဲ့ မှာ (၈)နှစ်လောက် သူပုန်တွေကြားထဲမှာ သောင်းကျန်းသူတွေကြားမှာ အလုပ်လုပ်ခဲ့ပါတယ်။ အဲဒီကနေပြီးတော့မှ ရန်ကုန်မှာ ၁၉၇၈ ခုနှစ် လောက်မှာ ရောက်ပြီးတော့ ကန်ထရိုက်လုပ်တ ယ်။ ဆည်မြောင်းမှာ လုပ်တယ်။ အဲဒီမှာ ကျွန်တော် စက်မှု(၁)နဲ့ပတ်သက်ပြီးတော့ Project(၄၀)ကျော် လုပ်ခဲ့ပါတယ်။ ပြီးတော့ ပြည်ထောင်စုနေ့ပြခန်း (၁၉၇၈ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်)အထိ (၁၀)နှစ်လုံးလုံး ကျိုက္ကဆံကွင်းမှာရှိတဲ့ ပြ ည်ထောင်စုနေ့ပြခန်းတွေ ကျွန်တော် ဆောက်ခဲ့ပါတယ်။ နောက်တော့ ကျွန်တော်လွှတ်တော်ရုံး၊ လွှတ်တော်ဆိုတာ အရင်တုန်းက ပါတီရုံးပေါ့။ ကုန်းမြင့်သာယာပါတီ ဌာနချုပ်ကြီး ဆောက်ခဲ့သလို စက်ရုံပေါင်း (၄၀)ဆောက်ပါတယ်။ ပြီးတော့ ကျွန်တော် ၁၉၈၈ ရဲ့ နောက်ပိုင်းမှာ ကျွန် တော့်အနေနဲ့ ရေနံကုမ္ပဏီလုပ်တယ်။ Project တွေ ကျွန်တော် ပြန်လုပ် ပါတယ်။ မြရိပ်ညိုဆိုပြီးတော့ ကျွန်တော် ထူထောင်တယ်။ ဒါကလည်း နိုင်ငံတော်အကြီးအကဲ တွေရဲ့ စေတနာနဲ့ မြရိ ပ်ညို ကရဝိတ်လုပ်တယ်။ ပြီးတော့ ကျွန်တော့်အနေနဲ့ (Sedona Hotel, Marina, YKK)တို့ Project ကြီးတွေ အများကြီးဆောက်ပါတယ် ။ သာမန်အားဖြင့် ကြည့် မယ် ဆိုလို့ရှိရင်တော့ ကျွန်တော့် Life ဟာ လွယ်လွယ်ကူကူနဲ့ ဒီဘဝတက်လာတာ မဟုတ်ပါဘူး။ အဖေပစ်သွားတဲ့ အမေ့ကိုလုပ်ကျွေးရင်းနဲ့ ဒီဘဝတက်လာတာ။ အောက်ခြေကနေ ကျွန်တော် တက်လာတာပါ။ ကျွန်တော့် အဖေက လယ်သမားပါ။ ဒါ့ကြောင့် အောက်ခြေကနေ တက်လာ ပြီးတော့ ဒီဘဝရောက်တယ်။ ဒါ ကြောင့် ဒါကို ခံစားမိတဲ့အတွက်ကြောင့် ဟိုတလောတုန်းက ကျွန်တော်တင်ပြသလိုပဲ ကျွန်တော် ဒါ အိုးအိမ်ဦးစီးဌာနနဲ့ ကျွန်တော် မင်္ဂလာဒုံစက်မှုဇုန်ကြီး လုပ်ပါတယ်။ လုပ်တဲ့အချိန်မှာ အိုးအိမ်က နေ မြေစိုက်၊ ကျွန်တော်က ငွေစိုက်ပြီး လုပ်တဲ့အချိန်မှာ တစ်ဖက်ကနေ မသိနားမလည်တဲ့လယ်သမားတွေက လာဝယ်ထားမိလို့ မြေအစားရအောင်ဆိုပြီး ကျွန်တော်က သုံးသိန်းနဲ့ ပြန်ဝယ်ပေးတဲ့အချိန်မှာမှ ဘေးပယောဂ ကြောင့် ကျွန်တော့်ကို တိုက် သွားတာပါ။ ဒီနေ့အထိ ကျွန်တော် ဒါတွေလုပ်ပေ မယ့် လုပ်ပြီးတော့ ကျွန်တော်အနေနဲ့ ဘာအခွင့်အရေးမှ နိုင်ငံတော်ကယူခဲ့တာ မရှိပါဘူး။ ဘာလို့လည်းဆို ကျွန်တော့်ဆရာဖြစ်တဲ့ ဗိုလ်ချုပ်တင့်ဆွေ ဆိုလို့ရှိရင် ကျွန်တော့်ကို အမြဲ တမ်းထိန်းပါတယ်။ သူနဲ့ ကျွ န်တော် ပါလာခြင်း ဖြစ်ပါတယ်။ မင်းကိုယ့် Principle သာထိန်းပါ။ ကျွန်တော့် Principle ဟာ ဘာလဲဆိုတော့ ဆောက်လုပ်ရေးနဲ့ စ က်ရုံတွေ အများကြီးဆောက်ခဲ့တယ်။ ဒီနေ့ဆို ရင် ရန်ကုန်မှာ ရှိတဲ့(၂၅)ထပ် အမြင့်ဆုံးအဆောက်အဦကိုလည်း ကျွန်တော် ဆောက်ပါတယ်။ Pioneer အနေနဲ့ စက်မှုဇုန်

ကိုလည်း Pioneer လုပ်ပါတယ်။ နောက် အိမ်ရာ တွေ ဖော်ထုတ်တဲ့နေရာမှာလည်း Pioneer လုပ်ပါတယ်။ ဂေါက်ကွင်းနဲ့ပတ်သက်လို့လည်း ကျွန်တော်က အရင်စောပါတယ်။ ပန်းလှိုင်က ဒုတိယပါ။ နောက်မှ ကျွန်တော်ငွေပြတ်သွားလို့ ခုမှ ပြီးတဲ့အနေအထားဆိုတော့ လုပ်ငန်းတိုင်း လုပ်ငန်းတိုင်းကို ကျွန် တော်အရင်ဆုံး Pioneer ဖြစ်အောင်လုပ်ပါတယ်။ ကျွန်တော်တို့ မြန်မာ တွေက တစ်ယောက်က မုန့်ဟင်းခါးရောင်းတယ်ဆိုရင် နောက်တစ်ယောက် လိုက်ရောင်းဖို့ စဉ်းစား ပါတယ်။ ကိုယ်တာလုပ်ရင် ကြီးပွားမလဲဆိုတာ မစဉ်းစားတဲ့သူဟာ တော်တော်များပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့က နေရာတိုင်း မှာ Pioneer လုပ်ပြီးတော့ ဒီနေ့ထိ ကျွန်တော် လူတိုင်းကို ကျွန်တော်ကနေ ကြွေးကြော်နေတာက နိုင်ငံတော်ကနေပြီးတော့ ကားတစ်စီး ကျွန်တော်မလျှောက် ဖူးပါဘူး။ စားအုန်းဆီ၊ ဒီဇယ် (၁)ဂါလံ မလျှောက်ဖူးပါဘူး။ ဒါကြောင့် ဒီဖောင်ဒေးရှင်းလုပ်တဲ့ အတွက်ကြောင့် တချို့ ပြည်ပကနေ ကျွန်တော့်ကို တစ်ခုလိုလို့ အများအားဖြင့် စွပ်စွဲပြီးထည့် ပါတယ်။ ဘာလို့ဆိုတော့ အခွင့်အရေးသမားတစ်ယောက်အနေနဲ့ ကျွန်တော့်ကို ဆွဲထည့်ပါတယ်။ ဒါပေမယ့် ဒီနေ့ထိ ကျွန်တော် ဘာအခွင့်အရေးမှ မယူ ပါဘူး။ ကျန်တာတွေလည်း သာသနာ့ နုဂ္ဂဟအသင်းဆိုရင်လည်း ဥက္ကဋ္ဌအနေနဲ့ သိန်းပေါင်းတစ်သောင်း မတည်ပြီးတော့ လုပ်နေပါတယ်။ ထိုနည်းလည်းကောင်းပဲ လူမှုရေးအသင်းမှန်သမျှကိုလည်း ကျွန်တော် ဥက္ကဋ္ဌအနေနဲ့ လုပ်တဲ့အပြင် အခု မြရိပ်ညိုဖောင်ဒေးရှင်းကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့ တိုက်တွန်းချက်အရ ဝမ်းသာအားရ၊ ဝမ်းမြောက်ဝမ်းသာနဲ့ ကျွန်တော်လုပ် ခွင့်ရတဲ့အတွက်ကြောင့် အများကြီး ဂုဏ်ယူပါတယ်။ နောက် ဒီသိန်းတစ်သောင်း တည်း မဟုတ်ပါဘူး။ ဒီ သိန်းတစ်သောင်းကို သုံးသွားမှာဖြစ်ပါတယ်။ အတိုးနဲ့ လူမှုရေးလုပ် မှာ မဟုတ်ပါဘူး။ နောက် တစ်ဖက်ကနေပြီးတော့ စီးပွားရေးလုပ်ရင်းနဲ့ ရလာတဲ့ငွေတွေကိုလည်း ကျွန်တော် တို့ရဲ့ ညီအစ်ကို မောင်နှမ တိုင်းရင်းသားတွေရဲ့ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပတ်သက်လို့ လိုအပ်တာရှိရင် ဒီဖောင်ဒေးရှင်းကို ဆက်သွယ်ပြီးတော့ ကျွန်တော်တို့ဆီ တင်ပြလို့ရပါတယ်။ နောက် ကျွန်တော်ရဲ့ ဖောင်ဒေးရှင်းကိုလည်း ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်အရ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု ဖောင်ဒေးရှင်းလုပ်လိုက်တဲ့အတွက်ကြောင့် ကျွ န်တော့်ကော်မတီမှာပါတဲ့ ကော်မတီဝင် (၇) ယောက်လုံးဟာလည်း ဒီဖောင်ဒေးရှင်းရဲ့ အဖွဲ့ဝင် အနေနဲ့ ဟိုနေ့ကပဲ သူတို့နဲ့ ကျွန်တော် ဆွေးနွေးပြီးပါပြီ။ အဖွဲ့ဝင်တွေက လုပ်ပါ။ အဲ ဒီတော့ ပညာရေး၊ ကျန်း မာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဒီထက်ထိတက်အောင်လို့ ဆွေးနွေးပွဲတွေလည်း ဒါကျွန်တော်တို့ လွှတ်တော်ပြီးတာနဲ့

အများကြီး လုပ်ပေးပါ။ ခုနက Nurses ဆရာမခန့်တာတို့၊ သားဖွား ဆရာမခန့်တာတို့၊ နယ်တွေမှာ ကျွန်တော်တို့ တိုင်းရင်း သားတွေမှာ ဆေးရုံ ၊ဆေးခန်းတွေ ပျက်တာတို့ အကုန်လုံးကလည်း ကျွန်တော်တို့ရဲ့ ပညာရေး၊ ကျန်း မာရေးကော်မတီဆီ ကျွန် တော်တို့ မြရိပ်ညို ဖောင်ဒေးရှင်းအတွက် လျှောက်ထားလို့ ရပါတယ် ဆိုတဲ့အကြောင်းလည်း ဒီနေ့ ကျွန်တော့် အနေနဲ့တင်ပြချင်လို့ ဆွေးနွေးခွင့်ကို တောင်းခံခြင်းဖြစ်ပါတယ်။ ကျွန်တော်နဲ့ အတူတူ လုပ်မှုရေးကိုဝိုင်းဝန်းပေးဖို့ကိုလည်း ကျွန်တော်တောင်းပန် ပါတယ်။ အဲဒီတော့ ဒီနေ့က စပြီးတော့ ကျွန်တော်တို့ရဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ အမျှော်အမြင်ကြီးမှု၊ နောက် အဲဒီ ကျေးဇူးတရားကြောင့်လည်း ဒီအသင်းကြီး ဖြစ်လာပါတယ်။ အဲဒီအတွက်ကို ကျွန်တော်လည်း အများကြီးဂုဏ်ယူပါတယ်။ ပြီးတော့ ကျွန်တော့် အနေနဲ့ အဓိကတင်ပြတဲ့ အကြောင်းအရာက ဒီအပေါ်မှာ နိုင်ငံတော်ကလည်း ဘာအခွင့်အရေးမှ မယူပါဘူး။ နောက် ကျွန်တော့် သမိုင်း အရလည်း ကိုယ် Principle ကိုယ်ထိန်းပြီးတော့ လုပ်လာတဲ့ လူတစ်ယောက်ပါ။ ဘာမှ အခွင့်အရေးလိုလို့ လုပ်ခြင်း မဟုတ်ဘဲနဲ့ ကျွန်တော် ဆင်းဆင်းရဲရဲနဲ့ ကျွန်တော်ရပ်တည်ပြီးတော့ ဒီဘဝရောက်အောင် ကြိုးစားလာခဲ့တဲ့အတွက်ကြောင့် ကျွန်တော့်လို ဒုက္ခမရောက်အောင် ဒါကျန်တဲ့ ကျန်းမာရေး တွေရော၊ ပညာရေးတွေရော ရှိတဲ့ငွေ တွေကို အကုန်ပုံပြီးတော့ လုပ်သွား မယ်လို့ ကျွန်တော့်အနေနဲ့ ကတိပြုရင်းနဲ့ ကျွန်တော့်ရဲ့ ရှင်းလင်းတင်ပြခြင်းအား နိဂုံးချုပ်အပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉) တင်သွင်းသည့် မြရိပ်ညို ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဖောင်ဒေးရှင်းထူထောင်ရန်ကိစ္စနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေတင်သွင်းတဲ့ မြရိပ်ညိုပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှု ဖောင်ဒေးရှင်း ထူထောင်ရန်ကိစ္စနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို အတည်ပြု ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။

အစီရင်ခံစာကို အတည်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ဒေါက်တာခင်ရွှေ ၏ မြရိပ်ညို ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှု ဖောင်ဒေးရှင်း ထူထောင်ရန် ကိစ္စနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရုရှား ဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် မစ္စက်ဗလန်တီနာမက်ထ်ဗီယန်ကို ရွေးချယ်တင်မြှောက်ခံရသည့်အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရန် အမျိုးသားလွှတ်တော်၏ သဘောထားရယူခြင်း

**အချိန်၊ ၁၃း၂၁။**

**ဥက္ကဋ္ဌ၊** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် မစ္စက်ဗလန်တီနာမက်ထ်ဗီယန်ကို ရွေးချယ်တင်မြှောက်ခံရသည့်အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရန် လွှတ်တော်ရဲ့ သဘောထားရယူမှုဖြစ်ပါတယ်။

ပေးပို့မယ့် သဝဏ်လွှာကို အမျိုးသားလွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့ အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌထံဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့မည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်၃၁ ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ၃၂ ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်။ ၁၃း၂၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ရ ပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊

အောက်တိုဘာလ ၆ ရက်(ကြာသပတေးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျာ။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ အစည်းအဝေးကို ၁၃း၂၃ နာရီအချိန်တွင် ရပ်နားပါသည်။]